# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



## မိုးနဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် လယ်စပါးနှင့် ယာစပါး နှစ်မျိုးစိုက်ပျိုး

မိုးနဲ ဇွန် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်၌ ဒေသအတွင်း ဆန်စပါးဖူလုံ ပိုလျှံရေးအတွက် မိုးစပါးစိုက်ဧက ၁၁၀၇၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနဲမြို့နယ်အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် လယ်စပါး ရွှေရင်အေး၊ DU-8 မျိုးစပါးများနှင့် DU-12 မျိုးကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး ယာစပါးများအဖြစ် ခေါက်ဖီပန်၊ ခေါက်မီးကွတ်၊ ခေါက်လွိုင်ဟွမ် စပါးမျိုးများကို စိုက်ပျိုးကြပြီး ဘောင်စနစ်ဖြင့် ဧက ၁၅၀၀၊ ရိုးရိုးပျိုးထောင်စိုက်ပျိုးခြင်း ၈၀၆၆ ဧက၊ Drum Seeder အစေ့ချစိုက်ပျိုးခြင်း ဧက ၂၀၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ၁၀ ဧက၊ တိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်း ဧက ၁၄၈၀ စုစုပေါင်း မိုးစပါး စိုက်ဧက ၁၁၀၇၆ ဧကကို စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**

### တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

ပြည်တွင်းသတင်း | စာ ၄



### တောင်ကြီးမြို့၌ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ခွဲခြားစွန့်ပစ်ရန် အသိပညာပေးသရုပ်ပြ

ပြည်တွင်းသတင်း | စာ ၈






# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**နေပြည်တော် ဇွန် ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ယနေ့ဆိုလျှင် ဝန်ကြီးဌာန (၄) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီစေရေး၊ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို အဓိကထား တာဝန်ယူဆောင်ရွက်ရသည့်အတွက် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ (၄) နှစ်ပြည့် မင်္ဂလာနှစ်ပတ် လည်နေ့မှသည် ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ဘွဲ့၊ တံဆိပ်ရရှိသူများ၊ စပါးအထွက်တိုးဆု၊ ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ ဌာန၏လုပ်ငန်းစဉ်များအပေါ် အကောင်းဆုံးအကောင်အထည်ဖော်နိုင်မှုဆု၊ ကျေးလက်လမ်း၊ တံတားများ အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုဆုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော ကျေးရွာဆုရရှိကြသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ဂျာကင်နှင့် တူညီဝတ်စုံများ၊ ဝန်ထမ်းသားသမီးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ စသည့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သော ဝန်ထမ်းများအတွက် ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများ၊ တူညီဝတ်စုံများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သူများကို ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်၌ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်

**ကန်ကြီးထောင့် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရေပြင်အသက်ကယ် သရုပ်ပြလေ့ကျင့်မှုများကို ဇွန် ၁၆ ရက်က ဒါးကမြစ်အတွင်း၌ ဆောင်ရွက်သည်။



ထိုသို့ သရုပ်ပြလေ့ကျင့်ခြင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် လူမှုကူညီရေးအဖွဲ့ဝင် ၁၀ ဦးတို့ ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေးယာဉ်သုံးစင်းဖြင့် မြစ်ရေပြင်အတွင်း လှေတိမ်းမှောက်ရာ၌ ရေနစ်သူများအား ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် အထက(ရွှေဥဩ) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်

**ကျိုက်ထို ဇွန် ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ဖက္ကာလိပ်ကျေးရွာရှိ အထက (ရွှေဥဩ) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် လုပ်ငန်းကို ဆောင်ရွက်ကြသည်။



ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်စမ်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှုများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

**ကျိုက်ထို (ပြန်/ဆက်)**

❑ *ရှေ့ဖုံးမှ*

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပြီး စပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက်အချိုးကျ ထည့်သွင်းနိုင်ရေး၊ စပါးဖျက်ပိုးမွှားအန္တရာယ် စနစ်တကျကာကွယ်နှိမ်နင်းရေးတို့အတွက် တောင်သူပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦး၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ၊ လိုက်ပါပို့ဆောင်ပေးကြသည့် ကျောင်းသားမိဘများနှင့် အုပ်ထိန်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမများက စာဖြေသူများ လိုက်နာရန် စာမေးပွဲစည်းမျဉ်း စည်းကမ်းများကို ဖတ်ကြားရှင်းပြခြင်း၊ ခုံအမှတ်မှန်ကန်မှု စစ်ဆေးခြင်း၊ မေးခွန်းစာမျက်နှာ စုံလင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက်နေမှုနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေး၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၂၅၃၁ ဦး စာရင်းပေးသွင်းကြပြီး အင်္ဂလိပ်စာ ဘာသာရပ်ကို ၁၂၄၀၆ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်း ဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့၌ စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့တွင် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၈၀၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီ နယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲပထမနေ့ ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၆၂၈၀၀ (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၃ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။



စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (စဉ့်ကိုင်) ၌ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုကို တွေ့ရစဉ်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာဖြေဆိုနိုင်သည့် မြင်ကွင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများ ဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp) များ ဖွင့်လှစ်၍ လေ့ကျင့် သင်ကြားပေးခဲ့ခြင်း ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်လည်း မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက် ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

မြန်မာစာဘာသာရပ် ရက်စွဲ။ ၁၆ - ၆ - ၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၇ | ၄၉၆၈ | ၈၀၄၅ | ၆၁ | ၉၉ | ၁၆၀ | ၉၈.၀၅% | ၁.၉၅% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၄၀၀ | ၁၉၃၈၈ | ၃၃၇၈၈ | ၂၅၈ | ၁၉၅ | ၄၅၃ | ၉၈.၆၈% | ၁.၃၂% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၄ | ၇၀၀၃ | ၁၂၄၀၇ | ၆၄ | ၆၀ | ၁၂၄ | ၉၉.၀၁% | ၀.၉၉% | |
| စုစုပေါင်း | | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၆၂ | ၃၆၆၆၂ | ၆၂၈၂၄ | ၄၃၉ | ၄၁၀ | ၈၄၉ | ၉၈.၆၇% | ၁.၃၃% | |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် အိမ်တိုင်ရာရောက် သွားရောက်ချီးမြှင့်ပေးအပ်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တာဝန်ရှိသူများနှင့်အတူ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ ကျန်းမာရေးအရ ကိုယ်တိုင်တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိသော ဘွဲ့ခံပုဂ္ဂိုလ်ထံ ယနေ့နံနက်ပိုင်းတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို ကာယကံရှင်နေအိမ်သို့ သွားရောက်ချီးမြှင့်အပ်နှင်းသည်။

ဦးစွာ မရမ်းကုန်းမြို့နယ်နေ ဘွဲ့ခံပုဂ္ဂိုလ်၏နေအိမ်သို့သွားရောက်၍ နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီဥက္ကဋ္ဌက ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တိုင်းဒေသကြီးဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ ဘွဲ့ခံပုဂ္ဂိုလ်ဖြစ်သည့် ဒေါ်ခင်စောနှင်းက လက်ခံရယူသည်။

ထို့နောက် ဒေါ်ခင်စောနှင်း မိသားစုက ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ၅၀-၅၅ ကီလိုတန်း အမျိုးသမီး (ခေး-၂) အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဒလမြို့နယ်အသင်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် နာယကက ၅၀-၅၅ ကီလိုတန်း အမျိုးသမီး(ခေး-၂) အတိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယ(ပူးတွဲ) ဆုရရှိသူများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌက ၅၃- ၅၇ ကီလိုတန်း အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယ(ပူးတွဲ)ဆုရရှိသူများကို လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ထောက်နည်းပြအဆင့် အမျိုးသမီး(ခေး-၂)လက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့် အမျိုးသား(ခေး-၂)လက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့် အမျိုးသမီး တုတ်ရှည်ပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့် အမျိုးသားတုတ်ရှည်ပြိုင်ပွဲနှင့် ခွဲမှူးအဆင့် အမျိုးသား လှံရှည်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ အမျိုးသမီးအကောင်းဆုံးဆု၊ အမျိုးသားအကောင်းဆုံးဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုဖလားနှင့် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုဖလားရရှိသောအသင်းများကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ဖွဲ့ထက်ကို(ပြန်/ဆက်)

## ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့်တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို



**ဇမ္ဗူသီရိ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ ယနေ့နံနက် ၉ နာရီတွင် ကျောင်းသား ကျောင်းသူများ စတင်ဖြေဆိုလျက်ရှိကြသည်။

ယနေ့ဖြေဆိုလျက်ရှိသော ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာန ခြောက်ခု၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၆၂ ဦး စာရင်းပေးသွင်းထားပြီး ကျောင်းတွင်းနှင့် အပြင်ဖြေ ဖြေဆိုသူကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၄၄ ဦး ဝင်ရောက်ဖြေဆိုကာ ပျက်ကွက်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈ ဦးရှိပြီး ရာခိုင်နှုန်းအနေဖြင့် ၉၈ ဒသမ ၇၇ ရာခိုင်နှုန်း ဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တင့်ဖူးခိုင်(ပြန်/ဆက်)



ပျော်ဘွယ်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ပြန်လည်ဖြေဆိုခြင်းကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက သတ်မှတ်စာစစ်ဌာန ရှစ်ခုတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုစဉ်။

မင်းမင်းထွေး(ပျော်ဘွယ်)

**လယ်ဝေး**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ယနေ့နံနက် ၉ နာရီက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို စာစစ်ဌာန ၁၁ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၇၇ ဦးရှိပြီး တစ်မြို့နယ်လုံး ဖြေဆိုသူမှာ ၉၈ ဒသမ ဖ၈ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

လယ်ဝေး(ပြန်/ဆက်)



**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ဒုတိယအကြိမ်) ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့နံနက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

ကသာမြို့နယ်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာစစ်ဌာန တစ်ခုရှိရာ တက္ကသိုလ်ဝင်စာမေးပွဲကျောင်းတွင်း ဖြေဆိုခွင့်ရှိသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၆၁ ဦးရှိရာ ဖြေဆိုရန် ပျက်ကွက်သည့် ကျောင်းသား ကျောင်းသူ စုစုပေါင်းခုနစ်ဦး ရှိကြောင်းနှင့် ပြင်ပအလွတ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၇ ဦးရှိပြီး အတွင်းဖြေ/ အလွတ်ဖြေ စုစုပေါင်း ၆၂၁ ဦးရှိ၍ ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၉၈ ဒသမ ၈၉ ရာခိုင်နှုန်းရှိပြီး ဖြေဆိုရန် ပျက်ကွက်မှု ၁ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း မြို့ပညာရေးမှူးရုံးမှ သိရသည်။

ကျော်စွာ(ကသာ)





စစ်ကိုင်းတိုင်းဒေသကြီး မိုးညှင်းမြို့၌ မန္တလေးငလျင်ကြီးကြောင့် စာမေးပွဲအဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် Grade-12 စာမေးပွဲများကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(အလုံ)တို့တွင် ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပြန်လည်ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)



**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို သတ်မှတ်စာစစ်ဌာနများတွင် ယနေ့ နံနက် ၉ နာရီက အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်တွင် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုသည့် စာစစ်ဌာန သုံးခုရှိပြီး အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းစာစစ်ဌာန၊ ကူမဲအခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ ရွာခိုင်ကြီး အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနတို့တွင် ဖြေဆိုသူကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၉ ဦးတို့ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ဝါဝါမြင့် (မြစ်သား)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ

မောင်တည်ကြည်

**❂ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ၂၀၂၄-၂၀၂၆ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့စပ်လျဉ်းပြီး သတင်းအချက်အလက်ဖလှယ်ခြင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွေ အပြန်အလှန်သွားရောက်နိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်မှာဖြစ်**

**❂ ကော်မရှင်ဟာ အဂတိလိုက်စားမှုကို နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ သတင်းမီဒီယာတွေ၊ ပြည်သူလူထုအားလုံးနဲ့ ပူးပေါင်းပြီး အဂတိကင်းစင်တဲ့ အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေဖို့ ရည်မှန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေ**

*(ယမန်နေ့မှအဆက်)*

### နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း

၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးရဲ့ Grand Department of Criminal Court Proceeding မှ ဌာနအကြီးအကဲဖြစ်သူ Mr. BAZHUTOV Sergey ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ၂၇-၁၁-၂၀၂၄ ရက်နေ့မှာ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်မှာ လက်ခံတွေ့ဆုံပြီး ရှေ့ဆက်လက်ဆောင်ရွက်မယ့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အဂတိလိုက်စားမှုနဲ့စပ်လျဉ်းတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းလို့ ဆွေးနွေးခဲ့ပါတယ်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကြီးကြပ်ရေးကော်မရှင် (Yunan Provincial Commission of Supervision) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Fang Zhiming ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ကော်မရှင်ရုံးခွဲ (ရန်ကုန်) တာဝန်ခံ ကိုယ်စားလှယ်အဖွဲ့နဲ့ ကော်မရှင်ရုံးခွဲ (မန္တလေး) တာဝန်ခံ ကိုယ်စားလှယ်အဖွဲ့တို့ကို တွေ့ဆုံပြီး ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနဲ့ ယှဉ်တွဲပြီး စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ကျောင်းသားလူငယ်တွေကို အသိပညာပေးခြင်းနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အသိပညာပေးခြင်းဆိုင်ရာ အစီအမံတွေ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဆောင်ရွက်လျက်ရှိတဲ့ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

### ပြည်ပသင်တန်းများ တက်ရောက်ခြင်း

ကော်မရှင်ဟာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအနေနဲ့ရော ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေဖို့အတွက်ပါ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ဒေသတွင်းမိတ်ဖက်နိုင်ငံ အဖွဲ့အစည်းတွေကနေ ဖိတ်ကြားလာတဲ့ သင်တန်းတွေကို ကော်မရှင်ရုံးရှိ ဝန်ထမ်းတွေ စေလွှတ်တက်ရောက်စေခဲ့ရာမှာ ၂၀၂၄ ခုနှစ်အတွင်း In-Person နဲ့ ဖွင့်လှစ်တဲ့ သင်တန်း ခြောက်ကြိမ်မှာ သင်တန်းသား ခုနစ်ဦးအား ပြည်ပနိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပြီး Online စနစ်နဲ့ ဖွင့်လှစ်တဲ့ ပြည်ပသင်တန်း နှစ်ကြိမ်ကို သင်တန်းသား သုံးဦး တက်ရောက်ခဲ့ပါတယ်။

### ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း

ကော်မရှင်ရုံးဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြင့်မားလာစေဖို့နဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက် ပြည့်ဝစေဖို့အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းတွေကနေ ဖွင့်လှစ်တဲ့ သင်တန်း ၄၇ ခုမှာ သင်တန်းသား ၈၀ အား စေလွှတ်တက်ရောက်ခဲ့ပါတယ်။ ဒ့ါအပြင် ကော်မရှင်ရုံးမှာဖွင့်လှစ်တဲ့ ဝန်ထမ်းတွေ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းခြောက်ခုမှာ သင်တန်းသား ၁၄၉ ဦးအား သင်ကြားပို့ချခဲ့ပါတယ်။

### ဌာနတွင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

ကော်မရှင်ရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို လုပ်ငန်းစွမ်းဆောင်ရည်၊ စာဖတ်စွမ်းရည်၊ တင်ပြနိုင်မှုစွမ်းရည်နဲ့ အင်္ဂလိပ်ဘာသာစကားစွမ်းရည်တို့ မြင့်မားလာစေဖို့၊ ဖြောင့်မတ်တည်ကြည်မှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတကြွယ်ဝလာစေဖို့ ရည်ရွယ်ပြီး အင်္ဂလိပ်ဘာသာစကားနဲ့ **"Enhancing Integrity and Combatting Corruption"** အလုပ်ရုံဆွေးနွေးပွဲရော ဝန်ထမ်းများအား Cryptocurrency နဲ့ စပ်လျဉ်းပြီး အသိပညာတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး **"Cryptocurrency အကြောင်း သိကောင်းစရာ"** အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲတို့ကို ကျင်းပနိုင်ခဲ့ပါတယ်။

### ၂၀၂၄ ခုနှစ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း

ကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ အဲဒီမဟာဗျူဟာစီမံချက်အပေါ် မူတည်ပြီး ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်ရုံးအဖွဲ့နဲ့ ဦးစီးဌာနတွေက အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ၄၁ ချက်နဲ့ ရေးဆွဲခဲ့ရာမှာ အကောင်အထည်ဖော် ဆောင်ရွက်မှုအနေနဲ့ ၃၆ ချက် (၈၈ ရာခိုင်နှုန်း) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် လုပ်ငန်းအစီအစဉ်ဟာ ထိရောက်သေချာမှုရှိတဲ့ လုပ်ငန်းအစီအစဉ်ဖြစ်တယ်လို့ သုံးသပ်တင်ပြထားပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကဏ္ဍအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ သက်ဆိုင်တဲ့ အသိပညာဗဟုသုတတွေကို ကျောင်းသားလူငယ်တွေ စတင်ရရှိစေဖို့အတွက် ဆရာကိုင်စာအုပ်တွေနဲ့ ရည်ညွှန်းစာစောင်တွေကို အခြေခံပညာကျောင်းနဲ့ တက္ကသိုလ်၊ ကောလိပ်တွေကို ဖြန့်ဝေနိုင်ခဲ့တာကြောင့် ကျောင်းသားလူငယ်တွေအတွက် ဖြောင့်မတ်တည်ကြည်မှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတတွေရရှိစေဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေအနေနဲ့ ပြည်သူလူထုကို သတင်းပို့တိုင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေကတော့ ဆောင်းပါးအတွင်း သီးသန့်ဂရပ်ဖြင့် ဖော်ပြထားပါတယ်။**(အောက်ဝဲပုံ)**


အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေအနေနဲ့ ပြည်သူလူထုကို သတင်းပို့တိုင်ကြားနိုင်တဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေက ဆောင်းပါးအတွင်း သီးသန့်ဂရပ်ဖြင့် ဖော်ပြထားပါတယ်။**(အောက်ပုံ)**


### နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်တင်ပြချက်များ

၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ၂၀၂၄-၂၀၂၆ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းပြီး သတင်းအချက်အလက် ဖလှယ်ခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွေ အပြန်အလှန်သွားရောက်နိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်မှာ ဖြစ်ပါတယ်။

အဲဒီအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေနဲ့ အဂတိလိုက်စားမှု ကျူးလွန်ရာမှရရှိတဲ့ ပိုင်ဆိုင်မှုပစ္စည်းတွေ ပြန်လည်ရယူရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ကော်မရှင်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ ပူးပေါင်းပြီး ၂၇-၁၁-၂၀၂၄ ရက်နေ့မှာ နေပြည်တော် ရွှေနန်းတော်ဟိုတယ်မှာ ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံတကာမှာ ကျင်းပတဲ့ အစည်းအဝေး၊ ညီလာခံ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ In Person နဲ့ ၁၃ ကြိမ်ပါဝင်တက်ရောက်နိုင်ခြင်း၊ Virtual Format နဲ့ လေးကြိမ် တက်ရောက်နိုင်ခဲ့လို့ အဂတိလိုက်စားမှု

*စာမျက်နှာ ၇ သို့*



## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ ရွှေမင်းသား (စစ်ကိုင်း)၏ **"မွှေးမြဂုဏ်ရည် စာပန်းသီ ကဗျာများ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စိတ်ထားမြတ်၊ ကြေးမုံမှ သင်ခန်းစာ၊ လူသားစွမ်းရည်၊ တူသောအကျိုး၊ လောကအလှသဘာဝ၊ အလှဝေစည် တို့တိုင်းပြည်၊ ကြေးစည်သံ၊ မြန်မာ့စိတ်ထား(၂)၊ ရောဝတီ၊ အရိပ်ပေးသူ စသည့်ကဗျာပုဒ်ပေါင်း ၆၉ ပုဒ်ပါရှိသည်။ ရိုးရာဓလေ့၊ မေတ္တာတရား၊ မိဘကျေးဇူး၊ ယဉ်ကျေးမှု၊ တရားဓမ္မ၊ ဘဝဒဿန စသည်ဖြင့် အကြောင်းအရာများ စုံလင်မှုတစ္စာ ရေးဖွဲ့သီကုံးထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈ ၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈ - ၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရွှေဘိုမြို့၌ ၂၀၂၄ ခုနှစ် စူဠဘွဲ့နှင်းသဘင် စာအောင်လက်မှတ် ဆက်ကပ်လှူဒါန်း

**ရွှေဘို ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ကျီတော်စုရပ်ရှိ ရတနာသိဃ်သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ၂၀၂၄ ခုနှစ် စူဠဘွဲ့နှင်းသဘင် စာအောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ် သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဓမ္မာစရိယတန်းအောင် သံဃာတော် ၂၂ ပါး၊ ဓမ္မာစရိယတန်းအောင် သီလရှင် တစ်ပါး၊ ပထမလတ်တန်းအောင် သံဃာတစ်ပါး၊ ပထမငယ်တန်းအောင် သံဃာ ၂၁ ပါး၊ အခြေပြုမူလတန်းအောင်သံဃာ ၄၈ ပါး စုစုပေါင်း ၉၃ ပါးတို့အား တာဝန်ရှိသူများက စာအောင်လက်မှတ်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့နယ် နောင်းပုံ - ပိုးစာခြံကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**မြစ်ကြီးနား ဇွန် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် မြေပြင်အကြိုကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၁၆ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးမောင်မောင်မိုးဝင်းနှင့် မြစ်ကြီးနားမြို့နယ်ဦးစီးမှူး ဒေါ်ဆုမွန်အောင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးသည်။



နောင်းပုံကျေးရွာနှင့် ပိုးစာခြံကျေးရွာကို ဆက်သွယ်ထားသော အရှည်ငါးဖာလုံရှိ ကျေးရွာချင်းဆက်လမ်းဆောင်ရွက်မည့် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **မောင်ခိုင်**

## ငါးသိုင်းချောင်းမြို့၌ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြစိုက်ပျိုး

**ငါးသိုင်းချောင်း ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ၂၀၂၅ ခုနှစ် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၁၆ ရက်က ငါးသိုင်းချောင်းမြို့ မအူကုန်ကျေးရွာ ကွင်းအမှတ် ၉၀၃ ဘီ၊ ဦးပိုင်အမှတ် (၁၉/၁) တောင်သူဦးကုသိုလ်၏ လယ်မြေ လေးဧက၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်တို့က ကျေးရွာရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ပြည်တွင်းစားရေရိက္ခာ ပြည့်စုံဖူလုံရေးနှင့် ပြည်ပတင်ပို့မှုတို့အတွက် လျာထားချက်ပြည့်မီကျော်လွန်စေရန် ပန်းတိုင်အထွက်နှုန်း စပါးတင်း ၁၀၀ နှင့်အထက်ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး မျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချ သရုပ်ပြခြင်းကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်အတွင်းရှိ သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပုဗ္ဗသီရိမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ဆွေးနွေးပွဲကို ဇွန် ၁၆ ရက်က ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇေယျာထွန်းက အမှာစကား ပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက အခွန်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**နန်းရွှေရတီ(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

တိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်တဲ့အလေ့အထ၊ အတွေ့အကြုံတွေ ဖလှယ်နိုင်ခဲ့ပြီး ကော်မရှင်က ဆောင်ရွက်နေတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း တင်ပြထားတာကို တွေ့ရှိရပါတယ်။

### ၂၀၂၅ ခုနှစ် ရှေ့လုပ်ငန်းအစီအစဉ်

ကော်မရှင်ဟာ ၂၀၂၅ ခုနှစ်မှာ အဂတိလိုက်စားမှု အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းတွေကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြထားပါတယ် -

(က) ပေါ်လစီမူဘောင်နဲ့ ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊

(ဂ) တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာနဲ့ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး၊

(ဃ) စုံစမ်းစစ်ဆေးခြင်းနဲ့ တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမယ့် အခြေခံကောင်းတွေ တည်ဆောက်ရေး၊

(င) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး၊

(စ) ဝန်ထမ်းတွေ စွမ်းဆောင်ရည်မြှင့်တင်ရေး၊

(ဆ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊

(ဇ) အမြဲမပြတ် စောင့်ကြည့်ရေးနဲ့ သုံးသပ်အကဲဖြတ်ရေး၊

(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရဲ့ ၂၀၂၆ ခုနှစ် လုပ်ငန်းအစီအစဉ်ချမှတ်ရေး၊

(ည) ကော်မရှင်ရဲ့ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူကို အစီရင်ခံ တင်ပြရေး။

ကော်မရှင်ဟာ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုများ မရှိစေဖို့အတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အချိန်နဲ့တစ်ပြေးညီ အလေးထား ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတော်ရဲ့ မူဝါဒနဲ့ ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူဆောင်ရွက်မှုတွေ၊ နိုင်ငံတော်က ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်တွေနဲ့ ဦးတည်ချက်တွေကို သွေဖည်ပြီး အဂတိလိုက်စားမှုကျူးလွန်တဲ့ ဘယ်သူ့ကိုမဆို ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးရဲ့ အနှစ်သာရဟာ နိုင်ငံတော်နဲ့ အများပြည်သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးရေးနဲ့ အဂတိကင်းစင်တဲ့ လူ့အဖွဲ့အစည်းဖြစ်စေရေးတို့ဖြစ်တဲ့အတွက် ကော်မရှင်အနေနဲ့ အများပြည်သူလူထုကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းတဲ့ အသိပညာတွေ တိုးပွားလာစေဖို့၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေဖို့၊ အများအကျိုးဆောင်ရွက်ခြင်းနဲ့ ကိုယ်ကျိုးရှာခြင်းတို့ကြား မှန်ကန်စွာ ခွဲခြားနိုင်စေဖို့အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်တဲ့ ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းများအရပါ ဆောင်ရွက်သွားမှာဖြစ်တဲ့အပြင် နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အရပ်ဘက် အဖွဲ့အစည်းတွေ၊ သတင်းမီဒီယာတွေ၊ ပြည်သူလူထုအားလုံးနဲ့ ပူးပေါင်းပြီး အဂတိကင်းစင်တဲ့ အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေဖို့ ရည်မှန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် H-1 လမ်းမကြီးဘေး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပိတောက်ပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ဆီသပြေနှင့် ပန်းမဲဇလီ စုစုပေါင်း အပင် ၆၅၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအတွင်း ကွန်ကရစ်လမ်းများတွင် ရေညှိများ ဖယ်ရှားရှင်းလင်းထားရေး၊ ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းအားကစားကွင်းအဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ရေးတို့ကို မှာကြားကာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမသို့ သွားရောက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်း(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ One Stop Service ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့မှ မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စိစစ်ခြင်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့် ပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်များအား ပေးအပ်သည်။

ဆက်လက်၍ လယ်ဝေးမြို့ သီရိရတနာမြို့မဈေးသို့သွားရောက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဈေးသူ ဈေးသားများနှင့် ပြည်သူလူထုများအား အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်



အမှိုက်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များ ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေး သရုပ်ပြပွဲဆောင်ရွက်နေမှုကို တက်ရောက်အားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် လယ်ဝေးမြို့ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် လမ်းဘေးဝဲယာ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မျိုးသီဟ (ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အလွတ်တန်း(အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် ဇွန် ၁၇**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အလွတ်တန်း (အမျိုးသား) ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက တလိုင်းတောင် FC အသင်းနှင့် နန်းတော်ဦး FC အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ ဗိုလ်လုပွဲတွင်




နှစ်ဖက်အသင်း နှစ်ဂိုး - နှစ်ဂိုးဖြင့် သရေရရှိပြီး ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် တလိုင်းတောင် FC အသင်းက အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုက ပွဲစဉ်တစ်လျှောက် အကူအညီပေးသော ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက ရှေ့တန်းအကောင်းဆုံးဆု ရရှိသည့် တနင်္သာရီ အသက်(၁၈)နှစ်အောက်ဘောလုံးအသင်းမှ မောင်ကောင်းထက်စံကို လည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက အလယ်တန်းအကောင်းဆုံးဆုရရှိသည့် Holiday FC အသင်းမှ မောင်ပြည့်စုံဖြိုးကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က နောက်တန်းအကောင်းဆုံးဆုရရှိသည့် တလိုင်းတောင် FC အသင်းမှ မောင်ကျော်ဇင်လတ်ကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဂိုးအကောင်းဆုံးဆုရရှိသည့် တလိုင်းတောင် FC အသင်းမှ မောင်ရန်ဟုန်စိုး ကိုလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု ရရှိသည့် နန်းတော်ဦး FC အသင်းမှ မောင်ကောင်းနေနိုင်ထက် ကိုလည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆု ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဒုတိယဆုရရှိသည့် နန်းတော်ဦး FC အသင်းကို တစ်ဦးချင်းဆုနှင့် ငွေသားဆုချီးမြှင့်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းမင်းလတ်က ပထမဆုရရှိသည့် တလိုင်းတောင် FC အသင်းကို တစ်ဦးချင်းဆုနှင့် ငွေသားဆုချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ပထမဆုရရှိသည့် တလိုင်းတောင် FC အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တိရစ္ဆာန်ဆေးပညာဘွဲ့သင်တန်းသင်ရိုးညွှန်းတမ်းအား နိုင်ငံတကာသင်ရိုးညွှန်းတမ်းများဖြင့် နှိုင်းယှဉ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

"ပိုမိုကောင်းမွန်ပြည့်စုံသော မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာရပ်သင်ကြားနိုင်ရေး၊ သင်ရိုးညွှန်းတမ်းများ သုံးသပ်ပြင်ဆင်ပေး" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြင်ပပညာရှင်ကြီးများနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် ယခုကဲ့သို့ မိမိတက္ကသိုလ်၏ တိရစ္ဆာန်ဆေးပညာဘွဲ့သင်တန်း သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်ခြင်းသည် တိရစ္ဆာန်ဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေလုပ်ဆောင်သင့်သည့် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ တိရစ္ဆာန်ဆေးပညာသင်ကြားရေးနှင့် မြန်မာနိုင်ငံ၏ တိရစ္ဆာန်ဆေးပညာသင်ကြားရေး သင်ရိုးညွှန်းတမ်းများ ကိုက်ညီမှုရှိမှသာလျှင် ဘွဲ့ရတိရစ္ဆာန်ဆေးပညာရှင်များအချင်းချင်း အပြန်အလှန်အသိအမှတ်ပြု ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းပြန်လည်သုံးသပ်ခြင်းသည် ဝန်ကြီးဌာန၊ တက္ကသိုလ်နှင့် ဆရာ ဆရာမတစ်ဦးချင်းအပါအဝင် တိရစ္ဆာန်ဆေးပညာဆိုင်ရာအသင်းအဖွဲ့များအားလုံးမှ ပူးပေါင်းဆောင်ရွက်သင့်သည့်တာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပါမောက္ခချုပ်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပါမောက္ခများက ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၏ တိရစ္ဆာန်ဆေးပညာဘွဲ့ သင်ရိုးညွှန်းတမ်း



များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ လက်ရှိ တိရစ္ဆာန်ဆေးပညာဘွဲ့ သင်ရိုးညွှန်းတမ်းနှင့် ဖော်ပြခဲ့သော ငါးနိုင်ငံ၏ သင်ရိုးညွှန်းတမ်းများနှင့် နှိုင်းယှဉ်တင်ပြဆွေးနွေးကြရာ တက်ရောက်လာသူများက တင်ပြချက်များအပေါ်ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**၁၇ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

ချိန်ခါမရွေးသတိပေး
မီးဘေးသတိပြု



## ရွှေယဉ်မျှော်ပြည်တော်စေတီတော်၊ သေဋ္ဌမာရ်အောင်ဘုရားကြီးနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များသို့ အမှိုက်ပုံးများ လွှဲပြောင်းပေးအပ်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ ရွှေယဉ်မျှော်ပြည်တော်စေတီတော်၊ သေဋ္ဌမာရ်အောင်ဘုရားကြီးနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့(၁၅)ဖွဲ့သို့ အမှိုက်ပုံးကြီးများ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

**လိုက်နာဆောင်ရွက်ကြဖို့လို**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပတ်ဝန်းကျင် မထိခိုက်စေသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ကာလတို၊ ကာလလတ်၊ ကာလရှည် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့် ပြည်သူများ အနေဖြင့်လည်း ပလတ်စတစ်ထုတ်ကုန်များ အသုံးပြုရန် ငြင်းဆန်ခြင်း၊ လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းနှင့် အသုံးပြုမည့်နေရာများသို့ပြန်လည်ပို့ဆောင်ခြင်းနည်းလမ်းများကို အလေ့အကျင့်ဖြစ်လာသည်အထိ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ကရင်ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအနေဖြင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ များသို့ အမှိုက်အိမ် ၁၃ လုံး၊ အမှိုက်ပုံးကြီး ၄၉ ပုံးနှင့် အမှိုက်ပုံး ၃၀ တို့ကို ဖြန့်ဝေပြီးစီးခဲ့ပြီး ယနေ့ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်နှင့် ဘေးအန္တရာယ်ရှိအမှိုက်ဟူ၍ အမှိုက်ခွဲခြား စွန့်ပစ်နိုင်ရန် ရွှေယဉ်မျှော်ပြည်တော်စေတီတော်၊ သေဋ္ဌမာရ်အောင်ဘုရားကြီးနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့ ၁၅ ဖွဲ့သို့ အမှိုက်ပုံး လေးပုံးစီ စုစုပေါင်းငွေကျပ် သုံးဆယ်ခြောက် သိန်းနှစ်သောင်း တန်ဖိုးရှိ အမှိုက်ပုံး ၆၈ ပုံးကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင်အစည်းအဝေးခန်းမ(၂)အရှေ့၌ ဘားအံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများက စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုကို သရုပ်ပြသစွန့်ပစ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ခွဲခြားစွန့်ပစ်ရန် အသိပညာပေးသရုပ်ပြ

**တောင်ကြီး ဇွန် ၁၇**

အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်းသည် အမှိုက်သိမ်းဆည်းမှုကို လွယ်ကူစေသည့်အပြင် အမှိုက်များကိုအကျိုးရှိအောင်ပြန်လည်အသုံးပြုနိုင်ရန် အတွက် စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရန် အသိပညာပေးသရုပ်ပြပွဲသမှုကိုဇွန် ၁၅ ရက် ညနေပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က စွန့်ပစ်ပစ္စည်းအမှိုက်များ စီမံခန့်ခွဲမှုတွင် အမှိုက်များခွဲခြားစွန့်ပစ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရန် အသိပညာဖြန့်ဝေပေးပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြို့တော်ခန်းမအပြင်ဘက်၌ စွန့်ပစ်ပစ္စည်း စနစ်တကျခွဲခြားစွန့်ပစ်ရန်အတွက် သရုပ်ပြသကာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား စွန့်ပစ်ပစ္စည်းစနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရန်အတွက် အသိပညာပေးခြင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ စွန့်ပစ်ပစ္စည်းများ ခွဲခြားစွန့်ပစ်ရန် အသိပညာပေးသရုပ်ပြပွဲကို ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက တက်ရောက်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအကြောင်း ရှင်းလင်းတင်ပြ၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက အမှိုက်များခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးသရုပ်ပြသခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

## ကြံခင်းမြို့၌ အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်

**ကြံခင်း ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ယမန်နေ့က အမှိုက်အမျိုးအစား လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းသောအားဖြင့် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ကြရန်အတွက် ညွှန်ကြားချက်များနှင့်အညီ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဖို့ လိုကြောင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်က အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန်အတွက် အမျိုးအစားလေးမျိုးဖြစ်သည့် မီးဖိုချောင်ထွက် ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများ ပါဝင်သည့် အမှိုက်များကို အမှိုက်စိုကို အစိမ်းရောင်ပုံးတွင်လည်းကောင်း၊ ခြောက်သွေ့သော စက္ကူ၊ ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သားစ စသည့် စွန့်ပစ်ပစ္စည်းများကို အမှိုက်ခြောက် အဝါရောင်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်သုံးပစ္စည်းများကို ပလတ်စတစ်အမှိုက် အပြာရောင်ပုံးတွင်လည်းကောင်း၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ၊ အင်းဆက်ဆေးဖျန်းရည်များ စသည့်ဘေးအန္တရာယ် ရှိနိုင်သည့် အရာများကို အနီရောင်ပုံးတွင်လည်းကောင်း စွန့်ပစ်ရန် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့တို့အား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း (ပြန်/ဆက်)**

## အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ရေး သရုပ်ပြသ

**မော်လမြိုင် ဇွန် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများနှင့်ဌာနဆိုင်ရာရုံးများတွင် ပြည်သူပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ်ဖြစ်ပေါ်လာစေရေးနှင့် အမှိုက်စို၊အမှိုက်ခြောက် ခွဲခြား စွန့်ပစ်နိုင်စေရန် ရည်ရွယ်၍ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေး သရုပ်ပြသဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ စုပေါင်းရုံး၌ ဆောင်ရွက်သည်။

ထို့နောက် အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေးသရုပ်ပြဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ စုပေါင်းရုံးဝင်းအတွင်းရှိ ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့မှ အမှိုက်သိမ်းစနစ် ဖြစ်ပေါ်လာစေရေးနှင့်အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်စေရန်၊ အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန်အတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့် (ပြန်/ဆက်)**

## ကျိုက်လတ်မြို့၌ အမှိုက် လေးမျိုးခွဲခြား စွန့်ပစ်ပုံအသိပညာ ပေးခြင်းနှင့် လက်တွေ့ သရုပ်ပြဆောင်ရွက်

**ကျိုက်လတ် ဇွန် ၁၇** – ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ပုံအား အသိပညာပေးခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး အမှိုက်အမျိုးအစား လေးမျိုးဖြစ်သည့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိသောအမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရေး သရုပ်ပြဆွေးနွေးဟောပြောခဲ့ကြသည်။ **ကျိုက်လတ်(ပြန်/ဆက်)**



# ကမ္ဘာ့ထိပ်တန်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ နိုင်ငံတကာ စိုက်ပျိုးရေးပညာသင်ကြားသော တက္ကသိုလ်များရှိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော သီးခြားဌာနအသစ်များ၊ အထူးပြုဘာသာရပ်အသစ်များ

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ် – ငြိမ်း)

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များအပါအဝင် နိုင်ငံတကာ ထိပ်တန်း တက္ကသိုလ်များ (World-Class Top Universities) ကမ္ဘာကျော်ဖြစ်နေရခြင်း နောက်အကြောင်းရင်းတစ်ခုမှာ –

**(င) တက္ကသိုလ် ငွေပဒေသာပင် များပြားစွာ ရှိခြင်း**

နိုင်ငံတကာအစိုးရ၊ ပုဂ္ဂလိကတက္ကသိုလ်များတွင် ရန်ပုံငွေအများဆုံးရှိသော တက္ကသိုလ်များမှာ အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များက အများဆုံးဖြစ်ပြီး ပုဂ္ဂလိက ဟားဗတ်တက္ကသိုလ် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၇ ဘီလီယံခန့်၊ တက္ကဆက်ပြည်နယ်ရှိ တက္ကသိုလ်များကို စုပေါင်းထားသော တက္ကဆက်တက္ကသိုလ်စနစ် (Texas University System – Cluster universities in Texas State, US) အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော်၊ ပုဂ္ဂလိကစတန်းဖို့တက္ကသိုလ် (Stanford Private University) အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၅ ဘီလီယံခန့်၊ အခြားနိုင်ငံများတွင် ယူကေနိုင်ငံ ကိန်းဘရစ်တက္ကသိုလ် (Cambridge University, UK) အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံခန့်၊ တရုတ်နိုင်ငံ ဆင်ဟွာတက္ကသိုလ် (Tsinghua University, China) အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံခန့်၊ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် (University of Tokyo, Japan) အမေရိကန် ဒေါ်လာ ၄ ဘီလီယံ ခန့် စသည်တို့ ရှိကြပါသည်။ (နမူနာယူနိုင်ရန်ဖြစ်ပါသည်)

**ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် အလှူငွေ /ရန်ပုံငွေသုံးစွဲမှုများ**

တက္ကသိုလ်များအတွက် အလှူငွေသည် ၎င်းတက္ကသိုလ်၏ ငွေကြေးသုံးစွဲမှုဆိုင်ရာ တည်ငြိမ်မှု၊ လေးစားရမှုနှင့် ရေရှည်စီမံခန့်ခွဲမှုအတွက် အလွန်အရေးကြီးပါသည်။ ၎င်းအလှူငွေများကို အောက်ပါနည်းလမ်းများဖြင့် အသုံးပြုနိုင်ပါသည် –

**(က) ထူးချွန်ပညာသင်ဆုနှင့် သင်ကြားရေး အားပေးထောက်ပံ့မှု** ။ ငွေကြေးချို့တဲ့သော ကျောင်းသားများ ပညာသင်ကြားခွင့် ရရှိစေရန် အထောက်အပံ့ပေးသည်။

မြန်မာနိုင်ငံ၏ တစ်ကျောင်းတည်းသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ လက်ရှိဝင်ခွင့်ရွေးချယ်မှုမှာ တက္ကသိုလ်ဝင်တန်းရရှိသောအမှတ်နှင့် တက္ကသိုလ်ဝင်ခွင့်ကို လက်ရှိမူဝါဒအရ အဆုံးအဖြတ်ပေးနေသဖြင့် တက္ကသိုလ်နှင့် လိုက်ဖက်သော ကျေးလက်ဒေသနေသူများ၊ တောင်သူလယ်သမား သားသမီးများဖြစ်သော်လည်း အမှတ်မမီ၍လည်းကောင်း၊ ဝေးလံခေါင်ဖျားအရပ်ဖြစ်နေ၍လည်းကောင်း၊ငွေကြေးမတတ်နိုင်၍လည်းကောင်း စိုက်ပျိုးရေးဘာသာရပ်ကို ဝါသနာပါသော်လည်း တက္ကသိုလ်သို့ မတက်ရောက်နိုင်ကြပါ။

နောင်တွင်မူ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စိုက်ပျိုးမွေးမြူရေးမဟာဌာန/ စိုက်ပျိုးမွေးမြူရေးကောလိပ် (Faculty of Agriculture/College of Agriculture)၊ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ကျောင်းသစ်များဖွင့်၍လည်းကောင်း (ယခု မအူပင် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်အသစ်တစ်ခု ထပ်မံဖွင့်လှစ်ရန်စီစဉ်နေသည်ဟူ၍ ကြားသိရပါသည်။) ထောက်ပံ့ကြေးငွေ (Stipend) ပေး၍လည်းကောင်း **(ထူးချွန်ပညာသင်ဆု (Scholarships) နှင့် မတူညီပါ)**၊ ဝေးလံခေါင်ဖျားအရပ်ဒေသများအတွက် ခွဲတန်း (Quota) ပေး၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်ဟူ၍ ကြားသိရပါသည်။ ထောက်ပံ့ကြေးငွေသည် ငွေကြေးချို့တဲ့သော ကျောင်းသား ကျောင်းသူများကို ပေးအပ်ခြင်းဖြစ်ပါသည်။

ဉာဏ်ရည်ကောင်းသော ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားရန်အတွက်မူ ထိုက်တန်သော ထူးချွန်ပညာသင်ဆုပေးအပ်၍ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အတော်ဆုံး ကျောင်းသား ကျောင်းသူများ (မြန်မာနိုင်ငံတွင်တော့ စာတော်သူအများစုက ဆေးတက္ကသိုလ်သို့ သွားကြသည်။ မိဘများကလည်း ဂုဏ်ယူလေ့ရှိနေဆဲ ဖြစ်နေပါသေးသည်။) ထဲမှ စိုက်ပျိုးမွေးမြူရေး ပညာရပ်များ သင်ယူစေရန် ဆွဲဆောင်ရပါမည်။ နိုင်ငံတကာတွင် ၎င်းကဲ့သို့ အစီအစဉ်များကို ပြုလုပ်နေပါသည်။ တစ်ကမ္ဘာလုံးမှ ထူးချွန်သူများကို မဟာဘွဲ့၊ ပါရဂူ၊ ဘွဲ့လွန်ပါရဂူ (Post-doctoral Fellows) များအထိ ပညာရှင်ကြေးများစွာပေး၍ ဖိတ်ခေါ်ပြီး သူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်နေသော သုတေသနများ ပြုလုပ်ခိုင်းကာ ဆက်တိုက်တိုးတက်သွားပါတော့သည်။

**(ခ) ပါမောက္ခများ၏ လစာနှင့် သုတေသနများ (Faculty Salaries and Research)** ။ ၎င်းရန်ပုံငွေများဖြင့် ထူးချွန်သော ထိပ်တန်းရောက်ဆရာ ဆရာမကြီးများနှင့် ထူးချွန်သုတေသနပညာရှင်များကို ဆွဲဆောင်ရန် အသုံးပြုလေ့ရှိကြပါသည်။

**(ဂ) အဆောက်အအုံနှင့် ထောက်ပံ့မှုစနစ်များ (Infrastructure and Facilities)** ။ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အဆောင်များကို တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို ၎င်းရန်ပုံငွေများဖြင့် တက္ကသိုလ်အတွက် အသုံးပြုပါသည်။

❖ **ဉာဏ်ရည်ကောင်းသော ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားရန်အတွက်မူ ထိုက်တန်သော ထူးချွန်ပညာသင်ဆုပေးအပ်၍ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အတော်ဆုံး ကျောင်းသား ကျောင်းသူများ (မြန်မာနိုင်ငံတွင်တော့ စာတော်သူအများစုက ဆေးတက္ကသိုလ်သို့ သွားကြသည်။ မိဘများကလည်း ဂုဏ်ယူလေ့ရှိနေဆဲ ဖြစ်နေပါသေးသည်။) ထဲမှ စိုက်ပျိုးမွေးမြူရေး ပညာရပ်များ သင်ယူစေရန် ဆွဲဆောင်ရပါမည်။ နိုင်ငံတကာတွင် ၎င်းကဲ့သို့ အစီအစဉ်များကို ပြုလုပ်နေပါသည်။ တစ်ကမ္ဘာလုံးမှ ထူးချွန်သူများကို မဟာဘွဲ့၊ ပါရဂူ၊ ဘွဲ့လွန်ပါရဂူ (Post-doctoral Fellows) များအထိ ပညာရှင်ကြေးများစွာပေး၍ ဖိတ်ခေါ်ပြီး သူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်နေသော သုတေသနများ ပြုလုပ်ခိုင်းကာ ဆက်တိုက်တိုးတက်သွားပါတော့သည်**

**(ဃ) ပညာရေးအစီအစဉ်များ (Academic Programs)** ။ နှစ်စဉ်ဘာသာရပ်အသစ်များ၊ ဘာသာပေါင်းစုံဆက်စပ် (Inter-disciplinary/ Multi-disciplinary Approaches) လေ့လာသင်ကြားမှုများကို ၎င်းရန်ပုံငွေများဖြင့် ထောက်ပံ့ခြင်း ပြုလုပ်လေ့ရှိပါသည်။

**(င) နည်းပညာနှင့် ဆန်းသစ်မှုများ (Technology and Innovation)**။ ၎င်းရန်ပုံငွေများဖြင့် နောက်ဆုံးပေါ်နည်းပညာများနှင့် သုတေသနနည်းစနစ်များ၊ ကွင်းနှင့် ဓာတ်ခွဲခန်းသုတေသနများအတွက် ကိရိယာများတွင် ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်နိုင်ပါသည်။

**(စ) ကျောင်းသားဝန်ဆောင်မှုနှင့် အဖွဲ့အစည်းများ (Student Services and Extra-Curriculars)** ။ ဘွဲ့ရပြီးလျှင် အလုပ်အကိုင်ရရှိရန် လမ်းညွှန်ပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျောင်းသားဘဝက အတွေ့အကြုံရအောင် ဆောင်ရွက်ရသော အဖွဲ့အစည်းများကို တိုးတက်စေရန် ၎င်းရန်ပုံငွေများက အားပေးကူညီပေးပါသည်။

ကျွန်တော်တို့ ကျောင်းသားဘဝကတည်းက ရေဆင်းရှိ တက္ကသိုလ်များက အခြားတက္ကသိုလ်များနှင့် မတူညီသည့်အချက်မှာ ကျောင်းသားကျောင်းသူများအားလုံးနီးပါး အဆောင်နေခွင့်ရသည့်အတွက် သူငယ်ချင်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအားလုံးနှင့် ခင်မင်ရသောအခွင့်အရေး၊ အားကစား၊ အနုပညာ၊ ဗုဒ္ဓဘာသာအသင်း၊ စိုက်ပျိုးမွေးမြူရေးအသင်း၊ အဆောင်သာယာရေးကော်မတီ စသည် တို့သာတူညီမျှ တာဝန်ထမ်းဆောင်ခွင့်ရသည့်အတွက် အတွေ့အကြုံများစွာရရှိခြင်းက ခေါင်းဆောင်မှုစွမ်းရည်၊ အဖွဲ့အစည်းနှင့် ဆောင်ရွက်နိုင်စွမ်းရည်များစွာရရှိပြီး လုပ်ငန်းခွင်သို့ရောက်ရှိသောအခါ ဦးဆောင်မှုကို ပေးနိုင်ပါသည်။

ကျောင်းဆောင်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာတက္ကသိုလ်အများစုတွင် အစိုးရမှ ကြီးကြပ်ပေးမှုမပြုလုပ်တော့ပါ။ အဆောင်၊ စားသောက်ရေးစီမံခန့်ခွဲရေးပြုလုပ်သည့် အဖွဲ့များ၊ အဆောင်မှူးများ အပါအဝင် ပုဂ္ဂလိကကဏ္ဍကသာ ဆောင်ရွက်နေပါသည်။ အဆောင်မှူး၊ အဆောင်နည်းပြများသည် သင်ကြားရေးကျောင်းဆရာများ မဟုတ်တော့ဘဲ သီးသန့်ဝန်ထမ်းများသာဖြစ်ကြပါသည်။ တချို့အဆောင်များတွင် ကြီးကြပ်ပေးမှုသာ ပြုလုပ်ကြပြီး အစားအသောက်ကျွေးမွေးမှုကို ကန်ထရိုက်စနစ်ဖြင့် ပြုလုပ်နေကြပါသည်။

၁၉၈၇ ခုနှစ်က ကျွန်တော် ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်၌ မဟာစိုက်ပျိုးရေးသိပ္ပံသင်တန်းတက်စဉ်က တစ်ရက်သုံးကြိမ်ကျွေးသည့် အပြည့်ပြည့်ဆိုင်ရာ ကျောင်းသားများအဆောင် (တက္ကသိုလ် သင်ကြားရေးဆရာများက ကြီးကြပ်ခြင်း မပြုပါ) များတွင် တစ်လအဆောင်ခဈေးကြီး၍ မနေဘဲ အဆောင်နေခွင့်သီးသန့်သာရှိသည့် ပုဂ္ဂလိကအဆောင်မှာနေပြီး စုစုပေါင်း မီးဖိုတွင် မိမိဘာသာ ချက်စားပြီးနေခဲ့ပါသည်။

တစ်ဖန် ၂၀၀၁ ခုနှစ် ဂျာမနီနိုင်ငံ ကက်ဆယ်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းတက်စဉ်က သုတေသနဌာနတစ်ခု၏ ရန်ပုံငွေအဆောင်မှာ နေထိုင်ရင်း မိမိကိုယ်တိုင် ချက်စားနေထိုင်ခဲ့ပါသည်။ ဂျာမနီတက္ကသိုလ်များအားလုံး၏ စနစ်မှာ တနင်္လာမှ စနေနေ့အထိ နေ့လယ်စာကို ပြင်ပဈေးထက် တစ်ဝက်ခန့် သက်သာသော ဈေးနှုန်းများဖြင့် ကျောင်းသားများ စုပေါင်းဆုံရာနေရာ (သူတို့အခေါ် Student Mensa) တွင် စီစဉ်ထားသော နေ့လယ်စာပုံစံ (Set Menu) အမျိုးမျိုးဖြင့် ရောင်းချပေးခြင်းဖြစ်ပါသည်။ ကျောင်းသားအများစုမှာ နေ့လယ်စာကို ၎င်းနေရာမှာပဲ အပန်းဖြေရင်း စားသောက်ကြပါသည်။ ဆရာနှင့်တပည့်လည်း ၎င်းနေရာမှာ တွေ့ဆုံကြ၊ ဆွေးနွေးကြ၊ လုပ်ငန်းခွင် နေ့လယ်စာ လုပ်ကြပါသည်။ ပြည်နယ်အလိုက် ရထား၊ ဘတ်စကားစီးလျှင်လည်း နှစ်ဝက် ကျောင်းသားကတ် (Semester Tickets for Students) ဖြင့် စီးနင်းလိုက်ပါက တက္ကသိုလ်တစ်ခုနှင့်တစ်ခု သွားနိုင်၊ စာသွားသင်နိုင်၊ စာကြည့်တိုက်တွင် စာအုပ်ငှားနိုင်ပါသည်။

**(၈) စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာဘာသာရပ်**

**8. (Agricultural Engineering)**

၎င်းဘာသာရပ်သည်လည်း ကျွန်တော်တို့ တက္ကသိုလ်မရောက်မီကတည်းက မန္တလေးစိုက်ပျိုးရေးကောလိပ်ဘဝတွင် သင်ကြားခဲ့သောဘာသာရပ် ဖြစ်ပါသည်။ ၁၉၂၄ ခုနှစ်က စိုက်ပျိုးရေးဘာသာရပ်

*စာမျက်နှာ ၁၁ သို့*

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်နှင့် မဟာစေတီတော်တို့ရှိ သာသနိကအဆောက်အအုံများ၌ အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဘက်စုံပြန်လည် ပြုပြင်တည်ဆောက်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုများကိုကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံများကို လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ သကျဓီတာသီလရှင်စာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအား အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရား၌ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်များအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်းကျေးရွာရှိ မဟာသကျရံသီကျောက်တော်ကြီးမြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ ပြာသာဒ်စေတီတော် တတိယပစ္စယံအထက် ကွန်းတောင်လိုဏ်ဂူအတွင်းမှ ထပ်မံတွေ့ရှိရသော ငွေဆင်းတုတော် ၂၁၉ ဆူ၊ ရွှေဆင်းတုတော် ၁၄ ဆူ၊ ဓာတ်တော်ပုလင်းနှင့် ဓာတ်တော်များ၊ စေတီတော်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်ကြီးအား ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ ချမ်းသာကြီး မြတ်စွာဘုရားရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းနေမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်ရှိ အန္တရာယ်ရှိ နေအိမ်အဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖြိုချရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

နှောင်လယ်ယာသီးနှံဘာသာရပ်(Agronomy) အောက်တွင် ဘာသာရပ်အစိတ်အပိုင်းအနေဖြင့် သင်ခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်တွင် သီးသန့်ဌာနခွဲထွက်သွားခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဘာသာရပ်အသစ်၊ ဌာနအသစ်များ ပေါ်ထွက်လာရာ ပါမောက္ခအဆင့် ကြီးကြပ်သော စိုက်ပျိုးရေးအင်ဂျင်နီယာဌာနကြီး ဖြစ်သွားပါသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်းကို ရန်ကုန်နည်းပညာတက္ကသိုလ် (ယခင်ရန်ကုန်စက်မှုတက္ကသိုလ်) တွင် ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး B.E (Agricultural Engineering) ဘွဲ့ ပေးအပ်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အဆိုပါဘွဲ့သင်တန်းကို ၁၉၇၁ ခုနှစ်နောက်ပိုင်းမှစ၍ ၂၀၂၂ ခုနှစ်ခန့်အထိ ရပ်နားထားခဲ့ပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့ရများ မွေးထုတ်နိုင်ခြင်းမရှိခဲ့သဖြင့် စိုက်ပျိုးရေးဆိုင်ရာဌာနများဖြစ်သော ဆည်မြောင်း၊ ရေအရင်းအမြစ်နှင့် စက်မှုလယ်ယာဌာနများတွင် စက်မှု၊ လျှပ်စစ်၊ မြို့ပြနှင့် အခြားအင်ဂျင်နီယာအထူးပြုဘာသာရပ်ဘွဲ့ရများ တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ယခုအခါ ခေတ်မီတိုးတက်ပြောင်းလဲလာသော နည်းပညာရေးစီးကြောင်းနှင့်အတူ နယ်ပယ်အလိုက် ပိုမိုကျယ်ပြန့်သော နည်းပညာအသစ်များ ပေါ်ထွန်းလျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာအင်ဂျင်နီယာ အတတ်ပညာသည် တစ်ခုအပါအဝင် ဖြစ်လာပါသည်။

စာရေးသူ အမျိုးသားပညာရေးမူဝါဒကော်မရှင်တွင် ရှိစဉ်က ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် အစားအသောက်ဆိုင်ရာအင်ဂျင်နီယာဘာသာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညှိနှိုင်းအစည်းအဝေး၏ဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်း ပြန်လည်သင်ကြားမှုအစီအစဉ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာ ဘာသာကြီးအောက် အထူးပြုလေ့လာ၊ သင်ကြားသင်ယူ၊ သုတေသနပြုသင့်သည့် ဘာသာခွဲ၊ ဘာသာစိတ်များမှာ -

(က) စက်မှုလယ်ယာ (Farm Machinery/Farm Mechanics/Farm Mechanization)၊

(ခ) စိုက်ကွင်းသုံးအင်ဂျင်ပါဝါများ (Farm Engine Power Engineering)၊

(ဂ) မြေဆီလွှာနှင့် ရေအင်ဂျင်နီယာပညာ (Soil and Water Engineering)၊

(ဃ) ရေသွင်း၊ ရေထုတ်အင်ဂျင်နီယာပညာ (Irrigation and Drainage Engineering)၊

(င) သိပ္ပံနည်းကျ လယ်ယာမြေများ စနစ်တကျ ဖော်ဆောင်ထားမှု (Farm Structure)၊

(စ) လယ်ယာမြေများ တိုင်းတာနည်းစနစ်များ (Farm Surveying)၊

(ဆ) ရိတ်သိမ်းချိန်လွန်နည်းပညာ (Post–Harvest Technology)၊

(ဇ) အစားအသောက်ဆိုင်ရာအင်ဂျင်နီယာ (Food Engineering)၊

(ဈ) ထုပ်ပိုးနည်းပညာ (Packaging Technology)၊

(ည) ကြိတ်ခွဲနည်းပညာ (Milling Technology)၊

(ဋ) တိရစ္ဆာန်မွေးမြူရေးဆိုင်ရာအင်ဂျင်နီယာပညာ (Engineering for Animal Husbandry)၊

(ဌ) ငါးပုစွန်မွေးမြူရေးဆိုင်ရာအင်ဂျင်နီယာပညာ (Engineering for Fishery/ Aquaculture)၊

(ဍ) စိုက်ပျိုးမွေးမြူရေးအတွက် ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာ (Renewable Energy in Agriculture) ၊

(ဎ) ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာပညာ (Environmental Engineering)၊

(ဏ) ဇီဝအင်ဂျင်နီယာပညာ (Biological Engineering) တို့ပါဝင်ပြီး နိုင်ငံအများစုတွင် သီးသန့်ဘွဲ့ပေးကာ ဘွဲ့ကြို၊ မဟာ၊ ပါရဂူဘွဲ့ ကျမ်းပြုသုတေသနများဖြင့် နိုင်ငံအကျိုးပြု သုတေသနများစွာ ပြုလုပ်ပေးလျက်ရှိနေပါသည်။

အာရှတိုက်နိုင်ငံများမှ တက္ကသိုလ်များရှိ စိုက်ပျိုးရေးအင်ဂျင်နီယာဌာနအချို့မှာ -

(၈–က) ဇီဝနှင့် ပတ်ဝန်းကျင်အင်ဂျင်နီယာဌာန၊ စိုက်ပျိုးမွေးမြူရေးမဟာဌာန၊ တိုကျိုတက္ကသိုလ် ဂျပန်နိုင်ငံ (Department of Biological and Environmental Engineering, Faculty of Agriculture, University of Tokyo, Japan)

အင်ဂျင်နီယာအခြေခံပညာကို စိုက်ပျိုးမွေးမြူရေးနှင့် ပတ်ဝန်းကျင်သိပ္ပံနှင့်ပေါင်းစပ်ပြီး တိကျသောစိုက်ပျိုးမွေးမြူရေး (Precision Agriculture) နှင့် ခေတ်မီလယ်ယာလုပ်ငန်း (Smart Farming) များကို သင်ကြားသုတေသနပြုလုပ်နေပါသည်။

(၈–ခ) စက်မှုလယ်ယာအင်ဂျင်နီယာဌာန၊ စိုက်ပျိုးရေးမဟာဌာန၊ ကက်ဆဆက်တက္ကသိုလ်၊ ထိုင်းနိုင်ငံ (Department of Farm Mechanics, Faculty of Agriculture, Kasetsart University, Thailand)၊

တက္ကသိုလ်တွင်ရှိသော အင်ဂျင်နီယာမဟာဌာနနှင့်တွဲဖက်၍ ထိုင်းနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို သင်ကြားသုတေသနပြုနေပါသည်။

(၈–ဂ) စိုက်ပျိုးရေးအင်ဂျင်နီယာဌာန၊ စိုက်ပျိုးရေးမဟာဌာန၊ ဂျက်ဖနာတက္ကသိုလ်၊ သီရိလင်္ကာနိုင်ငံ (Department of Agricultural Engineering, Faculty of Agriculture, Jaffna, Sri Lanka) လူဦးရေ ၂၂ သန်းသာရှိသော ဤသီရိလင်္ကာ နိုင်ငံငယ်ကလေးတွင် တက္ကသိုလ်ပေါင်း ၁၈ ကျောင်းရှိရာ ၁၉၉၀ ပြည့်နှစ်ကြမှ စိုက်ပျိုးမွေးမြူရေးမဟာဌာနဖွင့်ခဲ့ရသော ဤတက္ကသိုလ်ကလေးအပါအဝင် တက္ကသိုလ် ကိုးကျောင်းက စိုက်ပျိုးမွေးမြူရေးပညာကို သင်ကြားပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဌာနသည် စိုက်ပျိုးမွေးမြူရေးမဟာဌာနအောက်ရှိ ဌာနငါးခုထဲရှိရာ စိုက်ပျိုးရေးအင်ဂျင်နီယာဌာနသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းအောင်မြင်ရန်မှာ ဤဌာန သင်ကြား၊ သင်ယူ၊ သုတေသနပြုမှုသည် အလွန်အရေးပါလှပါသည်။ ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၇၀၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦး၊ ကင်မရွန်းနိုင်ငံသား ရှစ်ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၆ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးအား ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကင်မရွန်းနိုင်ငံသံရုံးမှ First Secretary Ms. Danzouma Alima Anda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ဂါနာသမ္မတနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန္ဓာနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၄၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၀၆ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၅ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့်အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက မူဆယ်မြို့ စွမ်စော်ရပ်ကွက်နှင့် ကောင်းမှုတုံရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်း ငွေကြေးလိမ်လည်မှု လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(ဟန-၈)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် အိမ်အမှတ်(မဆ-၄၀၀)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀ နှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၁၂၀၊ ကွန်ပျူတာမျိုးစုံ ၈၆ လုံး၊ WiFi စက် သုံးလုံး၊ Crown မော်တော်ယာဉ်တစ်စီးတို့ဖြင့်လည်းကောင်း၊ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(ဟန-၈)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏ နေအိမ်အတွင်းမှ တရားမဝင် အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား ကွန်ပျူတာမျိုးစုံ ၁၆ လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၃၄ လုံး၊ WiFi စက် သုံးလုံး၊ Crown မော်တော်ယာဉ် တစ်စီး၊ TOYOYA LANDCRUISER မော်တော်ယာဉ် တစ်စီးတို့ဖြင့်လည်းကောင်း စစ်ဆေးတွေ့ရှိ သိမ်းဆည်း ဖမ်းဆီးရမိခဲ့သည်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက် အိမ်အမှတ် (မဆ-၄၀၀)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား ၄၀ နှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅၉ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်း မရှိသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကိုနီတိုနှင့် ဖာနန်ဒက်စ်တို့က သွင်းယူပေးခဲ့သည်။ ချယ်ဆီးနှင့် အယ်လ်အေအက်ဖ်စီအသင်းတို့သည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(ဃ)တွင် တူနီးရှားကလပ် အီးအက်စ်တူးနစ်၊ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက် ရှိသည်။

အခြားပွဲစဉ်ရလဒ်တွင် ဖလာမင်ဂိုက အီးအက်စ်တူးနစ်ကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဇွန် ၁၇ ရက် နံနက် ၄ နာရီခွဲက အုပ်စု (ဂ) မှ ဘိုကာဂျူနီယာနှင့် ဘင်ဖီကာအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ပွဲစဉ်(၁) ကစားပြီးချိန်တွင် အုပ်စု(ဂ)ကို နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းက ရမှတ်သုံးမှတ်ဖြင့် ဦးဆောင်ထားသည်။

**အောင်ဇော်**

❏ *ကျောဖုံးမှ*

ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (D) တွင် တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှား၊ ကာဂျစ္စတန်၊ ပါကစ္စတန်၊ အုပ်စု(E)တွင် ဗီယက်နမ်၊ ဂူအမ်၊ယူအေအီး၊ မော်လ်ဒိုက်၊ အုပ်စု (F) တွင် ဥဇဘက်ကစ္စတန်၊ နီပေါ၊ လာအို၊ သီရိလင်္ကာ၊ အုပ်စု (G) တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ကမ္ဘောဒီးယား၊ ဆော်ဒီအာရေဗျ၊ အုပ်စု (H) တွင် မြောက်ကိုရီးယား၊ မလေးရှား၊ ပါလက်စတိုင်းနှင့် တာဂျစ်ကစ္စတန်အသင်းတို့ ပါဝင်ကြသည်။ ခြေစစ်ပွဲ အုပ်စု (C) ပွဲစဉ်များကို ဇွန် ၂၉ ရက်၊ ဇူလိုင် ၂၊ ၅ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်ပြီး ညနေ ၄ နာရီတွင် ပထမပွဲ၊ ည ၇ နာရီတွင် ဒုတိယပွဲ ကျင်းပမည်ဖြစ်သည်။ အုပ်စု(C)ပွဲစဉ်များအဖြစ် ဇွန် ၂၉ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် မြန်မာအသင်း၊ ည ၇ နာရီတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ဘာရိန်းအသင်း၊ ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘာရိန်းအသင်း၊ ည ၇ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၃၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်နေသည်။

**သော်လေး**

**ဓာတ်ပုံ-MFF**

# KBZ Center Mandalay က ငလျင်ဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းအပါအဝင် ဘာသာရေးကျောင်းများသို့ ဘိလပ်မြေနှင့် ဆန်အိတ်များလှူဒါန်း

**မန္တလေး ဇွန် ၁၇**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများ အပါအဝင် ဘာသာရေးကျောင်းများသို့ KBZ Center Mandalay က ဘိ လပ်မြေနှင့် ဆန်အိတ်များ နေ့စဉ်ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ဘိလပ်မြေအိတ် ၂၀၀၀ နှင့် ဆန်အိတ် ၃၁၀ တို့ကို ဆက်လက် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုအဖြစ် ငလျင်ကြောင့် ထိခိုက်ခဲ့သည့် မဟာအောင်မြေမြို့နယ်ရှိ ဇန်းမော်ကျောင်းတိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၅၀၊ လေသာကျောင်းတိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၂၀၊ အသောကရာမကျောင်းတိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၂၀၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင် ဂေါပကသို့ ဘိလပ်မြေအိတ် ၅၀၀၊ ချမ်းမြသာစည်မြို့နယ်ရှိသာသနာ့ဇောတိကာ ရုံစာသင်တိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၁၀၀၊ စဉ့်ကိုင်မြို့နယ်ရှိ မြို့ဦးစာသင်တိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၂၀၊ ပုသိမ်ကြီးမြို့နယ်ရှိ ကချင်နှစ်ချင်း ခရစ်ယာန်အသင်းတော်သို့ ဘိလပ်မြေအိတ် ၅၀၀ နှင့် ဆန်အိတ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

KBZ Center Mandalay က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ရှိ ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအပါအဝင် ဘာသာရေး အဆောက်အအုံ နေရာ ၃၁ နေရာသို့ ဇွန် ၁၀ ရက်တွင် ဘိလပ်မြေအိတ် ၉၃၀၀ နှင့် ဆန်အိတ် ၁၇၄၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကာလရှည်ကူညီထောက်ပံ့နိုင်ရန် ရည်ရွယ်ထားသည့် KBZ Center Mandalay ကို ဇွန် ၁၀ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း x ၁၁၀ ( မနော်ဟရီ) လမ်းထောင့်၌ ဖွင့်လှစ်ထားသည်။



KBZ Foundation က ငလျင်ဘေးအတွက် ၄၅ ဘီလီယံ ကနဦးမတည်လှူဒါန်းထားသည့်အနက် ငလျင်ဘေးသင့် ပြည်သူများအား အနည်းဆုံး တစ်နှစ်မှ ငါးနှစ်အထိ ရေရှည်ကူညီပေးနိုင်မည့် KBZ Center Mandalay ကို ကနဦးအနေဖြင့် ငွေကျပ်ဘီလီယံ ၃၀ အသုံးပြုကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းလုပ်ငန်းများအားလုံး ဒီဇင်ဘာလကုန်တွင် ပြီးစီးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၇**

မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားကို ရေယာဉ်များ နေ့၊ ညဖြတ်သန်းရာတွင် ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင်စီမံမှုများ ဆောင်ရွက်ထားနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်ဆန်း ဝန်ထမ်းမိသားစုအိမ်ရာ၊ သီရိအဏ္ဏာဝါခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့် တက်ရောက် အမှာစကားပြောကြားသည်။





အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ရန်ကုန်မြစ် ရေလမ်းကြောင်းအတွင်း ဖြတ်သန်းသွားလာကြမည့် နိုင်ငံတကာကုန်သွယ်သင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားနှင့် မြစ်တွင်းသွားရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် စံပြုလုပ်ငန်းစဉ်များနှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲသွားမည်ဖြစ်ပြီး ထွက်ပေါ်လာမည့် စံပြုလုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့တင်ပြ၍ ခွင့်ပြုချက်ရယူ၍ Stakeholder များအားလုံးသို့ ကျယ်ကျယ်ပြန့်ပြန့် ချပြရှင်းလင်းဆွေးနွေးပေးခြင်းနှင့် ပညာပေးခြင်း၊ တိကျစွာ လိုက်နာကျင့်သုံးနိုင်ရေး ကြီးကြပ်စီမံခန့်ခွဲခြင်းနှင့် လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြစ် ရေလမ်းကြောင်းတစ်လျှောက် နိုင်ငံတကာကုန်သွယ် သင်္ဘောကြီးများနှင့် ကမ်းရိုးတန်းသွားနှင့် မြစ်တွင်းသွားရေယာဉ်များ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတားကို နေ့၊ ညဖြတ်သန်းသွားလာကြရာတွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းလုပ်ငန်းများအားလုံး ဒီဇင်ဘာလကုန်တွင် ပြီးစီးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၁ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၁၆ ရက်ညနေ ၅ နာရီမှ ယနေ့ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံသား အလှူရှင်များနှင့် တရုတ်နိုင်ငံရောက် မြန်မာများကလှူဒါန်းသည့် ရေသန့်၊ ဖျာနှင့် Stock Pot များ (အလေးချိန် ၀ ဒသမ ၈၀၁ တန်) ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၂၃)ကြိမ်မြောက် အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဦးဆောင်သူများ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁၇**

(၂၃)ကြိမ်မြောက် အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ (THE 23 ASEAN FOOD SECURITY INFORMATION SYSTEM (AFSIS) Focal Point Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားအပါအဝင် အာဆီယံအပေါင်း သုံးနိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AFSIS အတွင်းရေးမှူးရုံးနှင့် AFTERR အတွင်းရေးမှူးရုံးတို့မှ In-person ဖြင့် လည်းကောင်း၊ အွန်လိုင်းဖြင့်လည်းကောင်း စုစုပေါင်း ကိုယ်စားလှယ် ၄၉ ဦး ပါဝင်ဆွေးနွေးကြပြီး AFSIS အတွင်းရေးမှူးရုံး၏ မန်နေဂျာ ဒေါက်တာ Sumanya Ngandee နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အစည်းအဝေးအတွင်း မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်က ဥက္ကဋ္ဌအဖြစ် အစည်းအဝေးကို ဦးဆောင်ကျင်းပပြီး အာဆီယံ စားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခြင်း၊ (၂၄) ကြိမ်မြောက် အာဆီယံစားရေရိက္ခာဖူလုံရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဦးဆောင်သူများ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၆ ခုနှစ်အတွင်း ကျင်းပမည့်နေ့ရက်နှင့် နေရာများကို အတည်ပြုကြေညာခြင်း၊ အနှစ်ချုပ်အစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အတည်ပြုချက် ရယူခြင်းတို့ကို ဇွန် ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျီ-၇ အစည်းအဝေးကျင်းပ၊ ကမ္ဘာ့စီးပွားရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးဆွေးနွေးသွားမည်

**ကယ်ဂါရီ ဇွန် ၁၇**

ဂျီ-၇ အုပ်စုဝင် နိုင်ငံခေါင်းဆောင်များ၏ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေး ပထမနေ့ကို ကနေဒါနိုင်ငံ အယ်လဗားတားပြည်နယ် ကန်နာနာ့ကစ်တောင်ပေါ် အပန်းဖြေစခန်းတွင် ဇွန် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် ဖရိုင်းဒရစ်ချ်မာ့ဇ်နှင့် ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမာတို့သည် ဂျီ-၇ အုပ်စုဝင်ခေါင်းဆောင်များအကြား အရှေ့အလယ်ပိုင်းအရေးနှင့်ပတ်သက်ပြီး အများသဘောတူဆန္ဒတစ်ခုကို အပြီးသတ်ရရှိရန် မျှော်လင့်လျက်ရှိသည်။

အစည်းအဝေးတွင် အမေရိကန်သမ္မတ ထရမ့်နှင့် ကုန်သွယ်ရေးပြဿနာဆိုင်ရာများကို ဆွေးနွေးသွားမည်ဖြစ်ပြီး စောင့်ကြည့်လေ့လာသူများက ထရမ့်၏ ကုန်သွယ်ရေးဆိုင်ရာ သဘောထား ပျော့ပျောင်းလာမည်လားဆိုသည်ကို လေ့လာစောင့်ကြည့်လျက်ရှိသည်။

ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဦးစားပေးဆွေးနွေးသွားမည်ဖြစ်သည်။

အစည်းအဝေးကို မူလက ယခုသီတင်းပတ်ကုန်တွင် စတင်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်ရက်ကြာအစည်းအဝေးသို့ ပြောင်းလဲခဲ့ပြီး ဇွန် ၁၆ ရက်တွင် တရားဝင်ကျင်းပခဲ့သည်။

ဂျီ-၇ အဖွဲ့သည် ဥရောပသမဂ္ဂနှင့်အတူ ကမ္ဘာ့အဆင့်မြင့်စီးပွားရေး ခုနစ်နိုင်ငံဖြစ်သော ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်တို့ပါဝင်သည့် အလွတ်သဘောအဖွဲ့ဖြစ်သည်။

**ဆင်ဟွာ**







## မီယာကေဂျီးမားကျွန်းအတွက် မီးတောင်သတိပေးချက် အဆင့်တိုးမြှင့်

**တိုကျို ဇွန် ၁၇**

ဂျပန်မိုးလေဝသအေဂျင်စီသည် တိုကျိုမြို့တောင်ဘက်မှ မီးတောင်ကျွန်းဖြစ်သည့် မီယာကေဂျီးမားအတွက် မီးတောင်ပေါက်ကွဲမှု သတိပေးချက်အဆင့်ကို မြှင့်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ အေဂျင်စီသည် ဇွန် ၁၇ ရက် အစောပိုင်းတွင် မီးတောင်ထိပ်ဝအောက်ရှိ ငလျင်လှုပ်ရှားမှုကို လေ့လာစောင့်ကြည့်ပြီးနောက် ယင်းနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် သတိပေးချက်အဆင့် -၂ ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ သတိပေးချက် အဆင့်-၅ ဆင့်ရှိသည့်အနက် သတိပေးချက် အဆင့်-၂ မှာ ဒုတိယအနိမ့်ဆုံး သတိပေးချက်ဖြစ်ကြောင်း သိရသည်။

မီးတောင်ထိပ်ဝအနီး နေရာများကို သက်ရောက်မှုရှိနိုင်သည့် ပေါက်ကွဲမှု ဖြစ်ပွားနိုင်ကြောင်း အေဂျင်စီကပြောသည်။ သတိပေးချက်တွင် ပြည်သူများအနေဖြင့် မီးတောင်ဝဆီ ချဉ်းကပ်ခြင်းမှ ရှောင်ရှားကြရန်နှင့် မီးတောင်ချိုင့်ဝှမ်းနှင့် အနီးဝန်းကျင်တွင် နေထိုင်သောသူများ အနေဖြင့် မီးတောင် ပေါက်ကွဲသည့်အခါ ထွက်ပေါ်လာသည့် ပြာပူကျောက်ခဲ အပိုင်းအစကြီးများကို သတိထားကြရန် တိုက်တွန်းထားသည်။

၂၀၀၀ ပြည့်နှစ်တွင် မီးတောင်လှုပ်ရှားမှု ပြင်းထန်လာပြီး ပြာများကျလာခြင်းနှင့် မီးတောင်ဓာတ်ငွေ့ အမြောက်အမြား ထုတ်လွှတ်ခဲ့ပြီးနောက် ဒေသခံများအား ကျွန်းမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့စေခဲ့ကြောင်း၊ ဒေသခံများသည် ကျွန်းပေါ်မှ အခြေအနေများကြောင့် လေးနှစ်ခွဲခန့်ကြာသည်အထိ ပြန်မလာနိုင်ခဲ့ကြကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် အဆိုပါကျွန်း၌ မီးတောင် ပေါက်ကွဲမှု ဖြစ်ပွားခြင်းမရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံက တရုတ်ခရီးသွားများအား ပြန်လည်လက်ခံရန် ကြိုးပမ်းအားထုတ်မှု အရှိန်မြှင့်လုပ်ဆောင်

**ဗန်ကောက် ဇွန် ၁၇**

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံမှ ခရီးသွားများအား ပြန်လည်လက်ခံရန် ကြိုးပမ်းမှုများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ မေလတွင် တရုတ်ခရီးသွားအရေအတွက် ထက်ဝက်နီးပါး ကျဆင်းသွားခဲ့သည်။

ခရီးသွားအရေအတွက် ကျဆင်းမှုသည် နိုင်ငံတွင်းရှိ ကျယ်ပြန့်သော လုပ်ငန်းနယ်ပယ်ကဏ္ဍအများအပြားပေါ် လွှမ်းမိုးသက်ရောက်လျက်ရှိသောကြောင့် စိုးရိမ်စရာဖြစ်စေသည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလာရေးဝန်ကြီးဌာန၏ အဆိုအရ ယမန်နှစ် မေလနှင့် နှိုင်းယှဉ်ပါက တရုတ်ခရီးသွား ၄၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။ ဇန်နဝါရီလမှ မေလအထိ ၃၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ထိုင်းနိုင်ငံ၏ ပုံရိပ်ကို လုံခြုံသောခရီးသွားနေရာတစ်ခုအဖြစ် ပြန်လည်တည်ဆောက်ရန် တာဝန်ရှိသူများက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်း ဝူတစ်ကြောင့် ခုနစ်ဦး သေဆုံး

**ဟနွိုင်း ဇွန် ၁၇**

ဗီယက်နမ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဝူတစ်(Wutip) ကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံအလယ်ပိုင်းတွင် လူခုနစ်ဦး သေဆုံးပြီး စိုက်ပျိုးရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည်ဟု ဗီယက်နမ် နယူးအေဂျင်စီက ဇွန် ၁၇ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

ကွမ်ဘင်ပြည်နယ်မှ လေးဦးနှင့် မုန်တိုင်းကြောင့် ကွမ်ထရီပြည်နယ်မှ သုံးဦး သေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဆည်မြောင်းစီမံခန့်ခွဲမှုနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ရေကြီးရေလျှံမှုကြောင့် ဟက်တာ ၃၃၀၀၀ ကျော်ရှိ စပါးစိုက်ခင်းများ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များသည် သဘာဝဘေးဒဏ်သင့် မိသားစုများနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများကို ကူညီရန်နှင့် ပုံမှန်လူမှုဘဝအခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် ဒေသခံများအား ကူညီပံ့ပိုးရန် အရေးပေါ်တပ်ဖွဲ့ဝင်များကို စေလွှတ်ထားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဟူးစီးတီး၌ လယ်သမားများက ရေကြီးရေလျှံမှုဖြစ်ပွားသော လယ်ကွင်းတစ်ခုမှ ရေများကို စွန့်ထုတ်နေစဉ်။

## ဥရောပသို့ရောက်ရှိရန် ကြိုးပမ်းနေသော ရွှေ့ပြောင်းနေထိုင်သူ ၆၃၅ ဦးကို ကြားဖြတ်ကယ်ဆယ်

**ထရီပိုလီ ဇွန် ၁၇**

လွန်ခဲ့သော သီတင်းပတ်အတွင်း ဥရောပသို့ရောက်ရှိရန် ကြိုးပမ်းနေသော ရွှေ့ပြောင်းနေထိုင်သူ ၆၃၅ ဦးကို လစ်ဗျားကမ်းလွန်ပင်လယ်ပြင်၌ ကြားဖြတ်ကယ်ဆယ်နိုင်ခဲ့သည်ဟု နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့ (IOM) က ဇွန် ၁၆ ရက်က ပြောကြားခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူများတွင် အမျိုးသမီး ၃၂ ဦးနှင့် ကလေး ၂၀ ပါဝင်သည်။ လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းနေထိုင်သူ အလောင်းငါးလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်ဟု IOM က ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးအပြီးတွင် ရွှေ့ပြောင်းနေထိုင်သူများကို အသက်ကယ်ဆေးကုသရေးအပါအဝင် အရေးပေါ်အကူအညီများကို အေဂျင်စီက ချက်ချင်းပေးအပ်ခဲ့သည်။

ယခုနှစ်အထိ အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် စုစုပေါင်း ရွှေ့ပြောင်းနေထိုင်သူ ၁၀,၆၃၄ ဦးကို ပင်လယ်ပြင်တွင် ကြားဖြတ်ကယ်ဆယ်ခဲ့ပြီး လစ်ဗျားသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ ဥရောပသို့သွားရာ အလယ်ပိုင်း မြေထဲပင်လယ်လမ်းကြောင်းတွင် လစ်ဗျားနှင့် အခြားနိုင်ငံများမှ ထွက်ခွာလာသူများ အပါအဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၄၉ ဦး သေဆုံးခဲ့ပြီး ၂၂၆ ဦး ပျောက်ဆုံးနေကြောင်း IOM က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အောင်လံမြို့၌ လျှပ်စစ်သုံးစွဲမှုအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**အောင်လံ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ အောင်လံမြို့ပေါ်နှင့် ကျေးရွာများရှိ မီးသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အုတ်ရှစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်အင်ဂျင်နီယာမှူး ဦးတင့်လွင်ဦး "လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်" လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိထားဆောင်ရွက်ရမည့်အချက်များ၊ ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်း၊ မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ကျေးရွာပြည်သူများ မီးပေါ့ဆမှု မရှိစေရေး၊ ဓာတ်လိုက်မှုနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ မီးသုံးစွဲသူပြည်သူများ အန္တရာယ်ကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## သမဝါယမအသင်းသားတောင်သူများအား မိုးစပါးစိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေး

**မိုးနဲ ဇွန် ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား မိုးစပါး စိုက်ပျိုးခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။




အခမ်းအနားသို့ မိုးနဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်တာဝန်ရှိသူများ၊ မိုးနဲမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများ တက်ရောက်ကြပြီး အခမ်းအနားတွင် မိုးစပါး စိုက်ပျိုးခြင်းဆိုင်ရာ သိသင့်သည့်အကြောင်းအရာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပညာပေး ရှင်းလင်းဟောပြောကာ တက်ရောက်လာသော သမဝါယမ အသင်းသား တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်း


မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထား သည့် ၁၈-၆-၂၀၂၅ ရက်နေ့မှ ၁၉-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထား သည့် ၂၀-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၇-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထား သည့် ၂၂-၆-၂၀၂၅ ရက်နေ့မှ ၂၃-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



**နေပြည်တော် ဇွန် ၁၇**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇွန် ၁၇ ရက်က မြောက်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် ရွှေပေါက်ကံမြို့သစ်တွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင်ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့ခိုင်က ဌာန၏လုပ်ဆောင်နေမှုများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည့်အစီအစဉ်များ၊ လုပ်ငန်းထူထောင်မည့်သူများရွေးချယ်ရာတွင် အမှန်တကယ်လုပ်ငန်းထူထောင်မည့်သူများကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပျိုမေအိမ်လူမှုဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး ဒေါ်ငွေးငွေးလွင်က သင်တန်းသားများအား အမှာစကားပြောကြားသည်။

အဆိုပါတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ခုနစ်ရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ ဟောပြော

**မှော်ဘီ ဇွန် ၁၇**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန AFoCO RETC စီမံကိန်းသင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများဟောပြောရာ ကွန်ပျူတာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ စွမ်းအင်ချွေတာရေး၊ နိုင်ငံသားကောင်းဖြစ်စေရေး၊ စိတ်ချမ်းသာ၊ကိုယ်ကျန်းမာရေး၊ အမှိုက်စနစ်တကျစွန့်ပစ်ရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ကမ်းရိုးတန်းဒေသ ဂေဟစနစ်များ ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရေသယံဇာတစီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစွာနေထိုင်နိုင်ရေး စသည်တို့ကို AFoCO RETC သင်တန်းကျောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုဇော်**



**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥေယျမမ္မ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် (၈၇)နှစ်၊ သိက္ခာ (၆၇)ဝါရှိ မဟာထေရ်မြတ်ကြီးဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ကျုံးကြီးလမ်း ကျုံးကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥေ ယျမမ္မ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်(၈၇)နှစ်၊ သိက္ခာ(၆၇)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့ ည ၈ နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



နေပြည်တော် ဇွန် ၁၇

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၂၃ ရက်အထိ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် ဇွန် ၁၇

နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) ဆိုတာ လမ်းအခြေခံအဆောက်အအုံများကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အရေးပါခြင်းဖြစ်သည့်အတွက် လက်ရှိလျှောင်ဒဏ်ကြောင့် ပြန်လည်ပြင်ဆင်လျက်ရှိသည့် လမ်းများတွင် လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် ဆေးရေးအမှတ်အသားများကို ပြည့်စုံစွာ ပြန်လည်ဖြည့်တင်းပေးရန် လိုကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီက ချမှတ်ထားတဲ့ Quick Win အစီအမံ (၅) ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် မှတ်ပုံတင်မည့်ယာဉ်များ စစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ယာဉ်မောင်း လိုင်စင်ကိုင်ဆောင်ခွင့်ရရှိထားပြီးသူများကိုသာ အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင်သွားလာစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပြီး ယာဉ်မတော်တဆမှုအရေအတွက်၊ ယာဉ် မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရမှုအရေအတွက်များ တဖြည်းဖြည်းလျော့နည်းကျဆင်းသွားအောင် ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းပိန်မိန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များ၊ နေပြည်တော်အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး၊ တပ်ဖွဲ့မှူး ရဲမှူးဘချစ်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်း တင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်

ရွှေတောင် ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အ.ထ.က (ရွှေတောင်) ကျောင်း၌ ယနေ့နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်စေရေး၊ မြို့နယ်သန့်ရှင်းသာယာလှပစေရေး အမှိုက်များစနစ်တကျစွန့်ပစ်ကြရန် အမှိုက်အမျိုးအစားအလိုက်အမှိုက်ပုံးအရောင်သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်း ပြုလုပ်သည်။




ဦးစွာ ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီရိက အမှိုက်စို (Wet Waste) များဖြစ်သော မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများအတွက် အစိမ်းရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အမှိုက်ခြောက် (Dry Waste) များဖြစ်သော ခြောက်သွေ့သော စက္ကူ၊ ကတ်ထူစက္ကူ၊ သံတို သံစ၊ ပိတ်စ၊ သစ်သားစ စသည့်စွန့်ပစ်ပစ္စည်းများအတွက် အဝါရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်အမှိုက် (Plastic Waste) များဖြစ်သော ဘေးအန္တရာယ်မရှိသော ပလတ်စတစ်သုံးပစ္စည်းများကို အပြာရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အီလက်ထရောနစ်စွန့်ပစ်ပစ္စည်းများ၊ မီးလုံး၊ အင်းဆက်ဖျန်းဆေးရည်များ၊ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများ အစရှိသည့်ဘေးအန္တရာယ်ရှိအမှိုက်(Hazardous Waste) များအတွက် အနီရောင်အမှိုက်ပုံးတွင် စွန့်ပစ်ရမည်ဖြစ်ကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီရိက အမှိုက်(၄)မျိုး ခွဲခြားစွန့်ပစ်ပုံကို ကျောင်းသားကျောင်းသူများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ကျုံးကြီးလမ်း ကျုံးကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဥေယျမမ္မ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကတုံကျေးရွာ ခမည်းတော် ဦးလှကြီး + မယ်တော် ဒေါ်ကျင်ရွှေတို့မှ ၁၃၀၁ ခုနှစ် ဝါခေါင်လပြည့်ကျော် (၇) ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကတုံကျေးရွာ ကတုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း (၅)ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နယ် ခေမာသီဝံတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသကို ဥပဇ္ဈာယ်ပြု၍ ကမာရွတ်မြို့နယ်၊ ကျားကျောင်းခဏ္ဍသိမ်၌ ဦးဖူး + ဒေါ်သိန်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကွမ်းခြံကုန်းမြို့နယ် ခေမာသီဝံတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော်များ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်များ၊ မစိုးရိမ်တိုက်ဆရာတော်များ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်) ဆရာတော်များ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၁ ခုနှစ်တွင် “သာသနဓဇဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၂၉ ခုနှစ်မှ ၁၃၃၅ ခုနှစ်အထိ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်)တွင် ပထမပြန်ဆိုင်ရာ စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်းနှင့် ၁၃၃၈ ခုနှစ်တွင် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက်၌ ကျုံးကြီးပရိယတ္တိစာသင်တိုက် တည်ထောင်ဖွင့်လှစ်ပြီး စာသင်သား ရဟန်း သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၉၈၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၀၄ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ပရိယတ္တိ ဆေကဂုဏ်၊ ပရိယတ္တိမာမကဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၀ ပြည့်နှစ်တွင် **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၇)နှစ်၊ သိက္ခာ(၆၇)ဝါအရ ၁၃၈၇ ခုနှစ် နယုန်လပြည့်ကျော် (၆)ရက် (၁၆-၆-၂၀၂၅)ရက် တနင်္လာနေ့ ည(၀၈:၄၀) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၁၁၉ တန်၊ အခြားသစ် ၁ ဒသမ ၅၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၉၈၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ အင်းတကော်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head နှစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၄၆၉၁၉၈၂ ကိုဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ တောင်သမန်အင်း မြို့ပတ်လမ်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၃၆၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး၊ Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၇၉၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟန်မြင့်မိုရ်-ရွာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၇၃၈၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head သုံးစီး၊ Dong Feng Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး နှင့် နောက်တွဲယာဉ်ငါးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၁၂၃၅၀၃၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံ(၂) နယ်မြေအတွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် သစ်မာ ၀ ဒသမ ၇၃၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၅၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၀၀၀၀၀၀)ကို သစ်တော ဥပဒေအရ လည်းကောင်း၊ ထူး ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်း သုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၆၂၁၁၈၇)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် MV. Sea Lion-3 ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကို အကောက် ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၉၂၇၈၀၁၂၃၇ ကို ဖမ်းဆီးအရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ ဘားအံ မြို့နယ် ရဲသာ ယာယီယာဉ်စစ် ကွင်း၌ မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

ဇွန် ၁၆ ရက်တွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၂၃ စီး နှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၅၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

ဇွန် ၁၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၅ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၄၁၀၂၂၅၅၉) ကို ဖမ်းဆီးရမိ ခဲ့သည်။ နိုင်ငံတော်၏ စီးပွား ရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ရာတွင် တရား မဝင် ကုန်သွယ်မှုများသည် အဓိက အဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုး သက်ရောက်ခြင်းများ ကြောင့် ၎င်းတရားမဝင်တင်သွင်း မှုများကို သက်ဆိုင်ရာ တာဝန် ရှိသူများက ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## လုပ်အားခများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၇**

လုပ်အားခများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅၊ ၃၆ ဖြင့် အလုပ်နှင့် ထောင်ဒဏ်များ ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဦး---/၅၁/၂၀၂၅ ခုနှစ် နေသူသည် ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဖျာပုံတံတားအောက်တွင် အရက်သေစာသောက်စားပြီး အိပ်ပျော်နေစဉ် မောင်ထွန်း၊ ရွာလယ် ပိုင်းလမ်း၊ ကျုံကူကျေးရွာ၊ ဖျာပုံမြို့နယ်၊ ရေဝတီတိုင်းဒေသကြီးနေသူ က အိပ်ရန်နေရာမရှိပါက ၎င်း၏ နေအိမ်သို့လိုက်ခဲ့ရန် ခေါ်ဆောင် သဖြင့် လိုက်ပါသွားခဲ့ကြောင်း။

ထို့နောက် နေအိမ်အရောက်တွင် ၎င်းအား မောင်ထွန်းက ငါးဖမ်း စက်လှေတွင် လိုက်ပါလုပ်ကိုင်ရန် စည်းရုံးရာ မလုပ်ကိုင်လိုကြောင်း ငြင်းဆန်ခဲ့သော်လည်း ဖျာပုံမြို့နယ်၊ မှော်ဘီကျေးရွာရှိ "မူဝံ" ငါးဖမ်း အလုပ်ရုံသို့ပို့ဆောင်ကာ ကြိုတင်ငွေကျပ် ၂ သိန်း ထုတ်ယူသွားခဲ့ ကြောင်း၊ အဆိုပါနေရာ၌ လုပ်အားခအနေဖြင့် တစ်လလျှင် ငွေကျပ် ၂၂၀၀၀၀ နှုန်းဖြင့် ၉ လခန့်လုပ်ကိုင်ခဲ့ရာ မောင်ထွန်းမှ ငွေကျပ် ၁၁၅၀၀၀၀ ကို ထပ်မံထုတ်ယူသွားခဲ့သဖြင့် ၎င်းအား ငွေကျပ် ၁၃၆၅၀၀ သာ ထုတ်ပေးခဲ့သဖြင့် ၎င်း၏ လုပ်အားခများအား ခေါင်းပုံဖြတ် ရယူသွားခဲ့သည့် မောင်ထွန်းအား ဖျာပုံမြို့မရဲစခန်း (ပ)၅၉/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ခဲ့သည်။ ဖျာပုံခရိုင်တရားရုံးမှ ဇွန် ၁၂ ရက်တွင် တရားခံ မောင်ထွန်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၈ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ မ---/ ၂၄/၂၀၂၅ ခုနှစ်နေသူသည် ၈-၂-၂၀၂၅ ရက်နေ့ money@dawwai998 Tik Tok အကောင့်၌ တရုတ်အငှားရည်းစား ၅ ယောက်ခေါ်ယူမည်၊ ၃/၄ လခန့်လုပ်ကိုင်ရမည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ အကောင့်ပိုင်ရှင် နေခြည်စိုး(ကျား)၊ ဆိတ်ချိုရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် သန်းမိုးဇင်(မ)၊ မူဆယ် မြို့နေ၊ ရှမ်းပြည်နယ်နေသူတို့က ၎င်းအား တရုတ်ယောကျ်ားယူပါက တစ်လလျှင် ငွေကျပ်သိန်း ၅၀ ရမည်၊ ၃ လ လုပ်ကိုင်ပြီးပါက ပြန်လည် ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် မဟာအောင်မြေမြို့နယ်၊ အမှတ်(၉)မြို့မ ရဲစခန်း (ပ)၃၈/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့သည်။

အဆိုပါအမှုအား မဟာအောင်မြေခရိုင်တရားရုံးမှ ဇွန် ၁၂ ရက် တွင် တရားခံ နေခြည်စိုး(ကျား)ကို လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ သန်းမိုးဇင်(မ) အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## ကြို့ပင်ကောက်မြို့၌ မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကြို့ပင်ကောက် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အထက (ကြို့ပင်ကောက်) ကျောင်း၌ မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်က မိုးကြိုးဘေးအန္တရာယ် စတင်ဖြစ်ပေါ်လာပုံနှင့် အန္တရာယ်အလွန် ကြီးမား သော လျှပ်စစ်ကြောင့် အသက်ဆုံးရှုံးရခြင်းများကို အသိပညာပေး ဟောပြော၍ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးက မိုးကြိုးမပစ်မီနှင့် မိုးကြိုးပစ်ပြီးအချိန်တို့တွင် အန္တရာယ်ကင်းစွာ ပြုမူနေထိုင်ရမည့် ပုံစံတို့ကို အသိပညာပေး သရုပ်ပြဟောပြောသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးဖြိုးညွန့်နှင့် အဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများအား မိုးကြိုး ဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တွံတေးမြို့နယ်၌ ၂၀၂၅ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် သစ်ပင်ပေးအပ်ပွဲအခမ်းအနား ကျင်းပ



**တွံတေး ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို တွံတေးမြို့နယ် ရန်ကုန်ပါဒကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာ ကန်ကြီးကုန်းရေလှောင်တမံတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးရေးအတွက် ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးထွန်းအာကာက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဒုတိယဗိုလ်မှူးကြီး သန့်ဇင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်ထံ သစ်ပင်များပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ သစ်ပင်များ ပေးအပ်ပြီး မန်ကျည်းပင်ရှား ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ အပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က ခရိုင်နှင့် မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝေလှိုင်ဦးက အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးပြီး အဆိုပါဆွေးနွေးပွဲသို့ လုပ်ငန်းရှင်အခွန်ထမ်းပြည်သူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**သန်းဇော်(တာချီလိတ်)**

# ဓနုဖြူမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ဓနုဖြူ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီအဖွဲ့ဝင်များက အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် ဦးအောင်ဇေယျဓမ္မာရုံ၌ ရောင်းချပေးသည်။



ဓနုဖြူမြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်အတွက် အိမ်ထောင်စုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ဆန်ကုန်သည်များအသင်းတို့ပူးပေါင်း၍ ဆန် တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ နှုန်း၊ ဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်း(ဘူးခွံပါ)၊ ကြက်ဥ တစ်လုံးလျှင် ငွေကျပ် ၃၃၀ နှုန်း၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။ ဒေသခံပြည်သူများ အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်ဥ၊ ဘဲဥ များကို ခြံဈေးဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်စေရေးအတွက် ခရိုင်အတွင်းရှိ ခြံလုပ်ငန်းရှင်များနှင့်ညှိနှိုင်းကာ အပတ်စဉ် သတ်မှတ်ရက်များအတိုင်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ကော့မှူး၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်

**ကော့မှူး ဇွန် ၁၇**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူး မြို့နယ် ပျားမွတ်–နှစ်ခွရွာချင်းဆက်ကွန်ကရစ်လမ်း (၀/၀မိုင်မှ ၁/၁.၇မိုင်) အတွင်း၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဦးစွာမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလူမင်းက ဌာနဆိုင်ရာများအား ပျိုးပင်များပေးအပ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဦးဆောင်၍ ပျားမွတ်– နှစ်ခွလမ်းတစ်လျှောက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက စိန်ပန်း၊ မန်ကျည်းရှား စုစုပေါင်းအပင် ၂၀၀ စိုက်ပျိုးကြောင်း သိရသည်။



**ကျော်သူရ (ကော့မှူး)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**



# အဓိက သီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းညှိနှိုင်း

**မြစ်သား ဇွန် ၁၇**

မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြို့နယ်ဦးစီးမှူး၊ ကွင်းတာဝန်ခံ ရှေ့တန်းမှူး ဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အဆိုပါခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးနှင့် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေ၊ မျိုး၊ ပိုး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သောဖျက်ပိုးများ၏ အလေ့အထနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံအထွက်တိုးနည်းပညာများကို ပညာပေးဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးသီးနှံများ တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်လာစေမည်ဖြစ်ကြောင်း ကွင်းတာဝန်ခံ ရှေ့တန်းမှူး ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးချက်များနှင့် ပတ်သက်၍ အများပြည်သူများ ပိုမိုသိရှိနိုင်ရေးအတွက် ဗီနိုင်းများ ချိတ်ဆွဲထားခြင်းကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နော်ထဲလယ်ဖောတို့ ဦးဆောင်၍ ပူးပေါင်းအဖွဲ့က ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းကို ဆောင်ရွက်စဉ်။** မြို့နယ်(ပြန်/ဆက်)

# ခရမ်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ခရမ်း ဇွန် ၁၇**

ခရမ်းမြို့နယ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်း– မောင်းမ ကားလမ်းမဘေးတွင် ယနေ့နံနက်က ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးစိုးမြင့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ရဲထံသို့ မန်ကျည်းရှား ပျိုးပင် ၅၀၀ ပေးအပ်ပြီး မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ခရမ်း (ပြန်/ဆက်)**



## ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း

**ရန်ကုန် ဇွန် ၁၇**

ပြည်တွင်းအခွန်များ ဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၃)၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ (ထီဖွင့်ပွဲခန်းမ)၌ ကျင်းပရာ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဌာနမှူးက ရှင်းလင်းပြောကြားပြီး ဒုတိယ ညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာသော ကုမ္ပဏီအခွန်ထမ်းများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီ ၁၁၁ ခုမှ တာဝန်ရှိသူ ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ကိုဇော်လတ်**

## သာယာဝတီမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**သာယာဝတီ ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ အ.လ.က(ကွက်သစ်)ကျောင်းဝင်း၌ ယနေ့နံနက် ၈ နာရီက မြို့နယ်အဆင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများသည် အလက(ကွက်သစ်) ကျောင်းအုပ်ဆရာကြီးထံသို့ ပျိုးပင်များပေးအပ်ပြီး သာယာဝတီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ အလက(ကွက်သစ်) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အားစုစုပေါင်း ၁၅၀ ခန့်တို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ မန်ဂျန်ရှားနှင့် စိန်ပန်း စသည့်ပျိုးပင်စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **ခရိုင်(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးသရုပ်ပြ

**ပန်းတောင်း ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးသရုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အထက (ပန်းတောင်း) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူလူထုများ အသက်အန္တရာယ် ဆုံးရှုံးနစ်နာမှုများ လျော့နည်းပပျောက်လာစေရန်နှင့် မိုးကြိုးပစ်ခြင်း၏သဘောသဘာဝများနှင့်ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများကို လေ့လာမှတ်သား လိုက်နာဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေခိုင်ဆက်က မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြုမူနေထိုင်သင့်သည့် ပုံစံများ၊ ရှောင်ကြဉ်ရမည့် လှုပ်ရှားမှုပုံစံများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် အထက (ပန်းတောင်း) ကျောင်းသားများက မိုးကြိုးဘေးအန္တရာယ် ဖြစ်ပွားမှုပုံစံအား သရုပ်ပြတင်ဆက်ခြင်း၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်ကျော်က မိုးကြိုးဘေးနှင့် လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဦးအောင်မိုးဦးက CPR လုပ်နည်းနှင့် ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။



**လပြည့်လင်း(ပြန်/ဆက်)**

## ပေါင်းတည်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**ပေါင်းတည် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့နံနက် ၈ နာရီက လယ်ဦးစုကျေးရွာအုပ်စု ယင်းမာကုန်းကျေးရွာ စားကျက်မြေ၌ မြို့နယ်အဆင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇန်လာအဲငါက သစ်ပင်ပျိုးပင်များ ပေးအပ်ပြီး ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက စုစုပေါင်း သစ်မျိုးခုနစ်မျိုး အပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **ရွှေသား(ပြန်/ဆက်)**



## တောင်ငူမြို့ အထက (၄)၌ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြလေ့ကျင့်

**တောင်ငူ ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ဦးစွာ တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားသည်။ ထို့နောက် ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ကြရာ ငလျင်လှုပ်ခတ်ပြီးနောက် ကျောင်းသား ကျောင်းသူများက သတ်မှတ်စုရပ်ကွင်းပြင်သို့ ပြေးထွက်ခြင်း၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များက အဆောက်အအုံအတွင်း ပိတ်မိ၍ ဒဏ်ရာရရှိသူများအား ကူညီကယ်ဆယ်မှုများ သရုပ်ပြသခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြသလေ့ကျင့်ခြင်း ဆောင်ရွက်ကြကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**



## မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ခြင်းအတွက် အာမခံအကာအကွယ်လျော်ကြေးငွေ ပေးအပ်

**ရန်ကုန် ဇွန် ၁၇**

မန္တလေးငလျင်ကြီးကြောင့် ကျောက်ဆည်မြို့ အမှတ်(၁၅၂/ကြက်မင်းတွန်)၊ ဦးပိုင်အမှတ်(၄၂-ဃ)၊ အစိတ်အပိုင်း ၄၂-ဃ,၄၂-စ နှင့် ၄၂-ဆ ရှိ ဦးမျိုးသန့် - ဒေါ်အေးအေးကြိုင် ပိုင် Hotel Ever ပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ် အာမခံအကာအကွယ်လျော်ကြေးငွေကို ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ (GWI) မှ တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် ဟိုတယ်တာဝန်ခံကို လက်ဝယ်အရောက်ပေးအပ်သည်။

အဆိုပါလျော်ကြေးငွေပေးအပ်ပွဲတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး အာမခံလျော်ကြေးငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်သည်။ **အာကာလင်း**




## ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၁၇**

ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ကျောင်းဝင်းအတွင်း၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။



အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ တင်တင်ထွေးနှင့် ဒဂုံမြို့သစ်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်တို့မှ ဦးဆောင်၍ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၄၀၀၊ ခရေပင် ၄၀၀၊ ငုရွှေဝါပင် ၄၀၀၊ စိန်ပန်းပင် ၄၀၀၊ တရုတ်တည်ပင် ၄၀၀၊ မဟော်ဂနီပင် ၄၄၀၊ မန်ကျည်းပင် ၅၅၀၊ မအူပင် ၄၀၀၊ မဲဇလီပင် ၄၀၀၊ ပျဉ်းမပင် ၄၀၀ စုစုပေါင်း ပျိုးပင် ၄၅၉၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ် လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး (လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်)/အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)/ အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)ရရှိသူ | (၅)ဦး |
| (ခ) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၂)ဦး |
| (ဂ) | စာရင်းကိုင်-၄ (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | စီးပွားရေးဘွဲ့(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၂)ဦး |
| (ဃ) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိသူ | (၈)ဦး |
| (င) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | သိပ္ပံဘွဲ့(သင်္ချာ)/သိပ္ပံဘွဲ့(ရူပဗေဒ)ရရှိသူ | (၈)ဦး |
| (စ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | ကွန်ပျူတာဘွဲ့ရရှိသူ | (၁)ဦး |
| (ဆ) | ရုံးအကူ (၁၄၄,၀၀၀-၂၀၀၀-၁၅၄,၀၀၀) | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ | (၂)ဦး |
| (ဇ) | သန့်ရှင်းရေးအကူ (၁၄၄,၀၀၀-၂၀၀၀-၁၅၄,၀၀၀) | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ | (၂)ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင်ရွက်နိုင်သူ ဖြစ်ရမည်-

(က) ဒုတိယဦးစီးမှူးရာထူးနေရာများနှင့် အငယ်တန်းစာရေးနှင့် လစာနှုန်းတူ ရာထူးနေရာများ အတွက် လျှောက်ထားလိုသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ် အောက်နှင့် ဝန်ထမ်းဖြစ်ပါက အသက် (၃၈)နှစ်အောက်ဖြစ်ရမည်။ရုံးအကူနှင့် လစာနှုန်းတူ ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက်တွင် လျှောက်ထားလိုသူများသည် အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။

(ခ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။(အဆိုပါ ဘွဲ့ရရှိသူများအား အသက် သတ်မှတ်ချက်လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်ပါသည်)

(ဂ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။(အောင်လက်မှတ်တစ်ပါတည်း တင်ပြနိုင်ရမည်)

(ဃ) ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် ၅၀၀၀၀၀ဝ/ (ကျပ် ငါးသိန်းတိတိ)နှင့် အငယ်တန်းစာရေးနှင့်လစာနှုန်းတူ ရာထူးနေရာများအတွက် လျှောက်ထားလိုသူများ အနေဖြင့် အနည်းဆုံး(၂)နှစ်၊ တာဝန် ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ၃၀၀၀၀၀/-(ကျပ်သုံးသိန်းတိတိ) တို့ကို ပေးလျော်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးရမည်ဖြစ်သည်။

(င) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)

(စ) နေရာဒေသမရွေး(အထူးသဖြင့် နေပြည်တော်၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ တောင်ကြီးမြို့၊ ပဲခူးမြို့၊မုံရွာမြို့ရုံးခွဲ)များတွင် တာဝန်ချထားပါက သွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၂)၊ နေပြည်တော်နှင့် အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲသို့ (၂၄-၇-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ) ၊ ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံချက်

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း (လျှောက်လွှာပိတ်ရက် မတိုင်မီ (၃)လအတွင်း)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ (အင်္ကျီ အဖြူရောင်၊ နောက်ခံအပြာရောင် ဓါတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး အမှတ်ရေးသားရန်)

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း(လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း)

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(ဇ) စာမေးပွဲကြေး ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၃၀၀၀ဝ/-(ကျပ် သုံးထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့ ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ Website(www.ptd.gov.mm) တွင် Download ရယူနိုင်ပါသည်။

၅။ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် (၃၁-၇-၂၀၂၅) ရက်နေ့ (ကြာသပတေးနေ့) နံနက် ( ၀၉:၃၀ ) နာရီမှ (၁၁:၃၀) နာရီထိ မြန်မာစာဘာသာရပ်ကိုလည်းကောင်း၊ (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ အင်္ဂလိပ်စာဘာသာရပ် ကိုလည်းကောင်း၊ (၁-၈-၂၀၂၅) ရက်နေ့ (သောကြာနေ့) နံနက်( ၀၉:၃၀)နာရီမှ (၁၁:၃၀ )နာရီထိ အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆို ခွင့်ကတ်ပြား များအား (၂၉-၇-၂၀၂၅) ရက်နေ့မှ (၃၀-၇-၂၀၂၅) ရက်နေ့အထိ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ် ကတ်ပြားပြသ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ရုံးအမှတ်(၂)နေပြည်တော်နှင့်ရန်ကုန်တိုင်း ဒေသကြီးရုံးခွဲတို့တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းအား (၇-၈-၂၀၂၅) ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အငယ်တန်းစာရေးနှင့်လစာနှုန်းတူရာထူးနေရာများနှင့်ရုံးအကူနှင့်လစာနှုန်းတူရာထူးနေရာများ အတွက်လျှောက်ထားသူများသည်(၈-၈-၂၀၂၅) ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းများ ခံယူရမည်ဖြစ်ပါသည်။

၇။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် (၂၄-၇-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)အား တစ်ပါတည်းတင်ပြရမည်ဖြစ်သည်။

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျ ခြင်းနှင့်စာရွက်စာတမ်းများ ပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ် ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇ -၃၄၀၇၂၅၀၊ ၀၉-၅၄၂၁၁၀၆ နှင့် ၀၉-၄၂၀၇၂၂၁၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။(အကြောင်းအမျိုးမျိုးကြောင့် နေ့ရက်၊ အချိန်ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/9792 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/2002 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/94207, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုးအောင် ၁၄/ပသရ(နိုင်)၀၀၆၆၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/74360, Dream 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်နိုင်ကျော် ၁၄/ပသန(နိုင်)၂၈၄၅၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ နတ်ချောင်းပိုင်း အခြေခံပညာမူလတန်းကျောင်းမှ ပဥ္စမတန်းကျောင်းသူ မခိုင်ချိုဇင်၏ ဖခင်အမည်မှန်မှာ ဦးလှချို ၁၄/မမက(နိုင်)၃၀၆၅၆၃ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက (ခွဲ) သံဒင်းကျောင်းမှ မောင် မင်းခန့် ကျော် ဇင် ထိုက် Grade-12 ၏ မိခင်အမည် မှန် မှာ ဒေါ်အေးအေးသွယ် ၇/ကဝန (နိုင်)၁၃၀၀၅၆ ဖြစ်ပါကြောင်း။

## (၄-၈-၂၀၂၃) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ J SEVEN Co.,Ltd ၏ Director ဦးအောင်ကျော်ဇော(၈/မကန(နိုင်)၁၃၉၁၂၈) နှင့် အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်နေ ဦးမောင်မောင်တာ (ဘ) ဦးမြသန်း ၉/ပမန(နိုင်)၁၂၆၀၆၃ နှင့် J SEVEN Co.,Ltd Director ဦးအောင်ကျော်ဇောတို့နှစ်ဦးကြား ငွေကြေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အထက်ခေါင်းစီးပါအတိုင်း မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပါသည်။ ယခုအခါတွင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပြီးစီးကာ ပြေလည်ကြေအေးကြပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကျဆင်းစေရန်နှင့် လုပ်ငန်းအကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်ချက်မရှိခဲ့သော (၄-၈-၂၀၂၃) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ J SEVEN Co.,Ltd ၏ Director ဦးအောင်ကျော်ဇော (၈/မကန(နိုင်)၁၃၉၁၂၈)နှင့် အများသိစေရန်ကြေညာချက်အား ကျွန်တော် ဦးမောင်မောင်တာ သဘောထားဆန္ဒအရ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်မောင်တာ**
**၁၃/၉၀၊ ကမ်းနားလမ်း၊**
**ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း - ၀၉-၄၃၀၂၀၁၀၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၅၁

၁။ ဒေါ်တင်တင်နွယ် နှင့် ၁။ ဦးမောင်မောင်လွင်
၂။ ဦးဇော်ဝင်း ၂။ ဒေါ်ခင်ဝင်းကြည်
၃။ ဦးဇော်မင်းသူ
(၄င်းတို့၏အခွင့်ရကိုယ်စားလှယ်
ဦးသိန်းမြင့်)
**တရားလိုများ တရားပြိုင်များ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်-၂၅၄၊ ၂၂လမ်း၊ ၆၅x၆၆ လမ်းကြားနေ ၁။ ဦးမောင်မောင်လွင် ၂၊ ဒေါ်ခင်ဝင်းကြည် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုများက “ကျူးကျော်နေထိုင်သူတို့အားအဆောက်အအုံ၊ အကာအရံနှင့်တကွဖယ်ရှားနှင်ထုတ်၍ မြေကွက်ကိုလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေး ကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်။ (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဒ/၆၃)၊ မြေကွက်အမှတ်၂၅၃၀၊ ဒေါ်ဇင်မာမိုး အမည်ပေါက်ပါမစ်မြေ၊ အကျယ်အဝန်း (၄၀x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ၄င်း၏မိခင်ဖြစ်သူ ဒေါ်မြင့်ဆွေသန်း ၁၂/လမန(နိုင်)၀၈၀၀၁၀မှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်မဒေါ်စံပယ် ၁၂/ကမရ(နိုင်) ၀၀၃၃၀၈ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များဖြင့် ကျွန်မထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စံပယ်**
**၁၂/ကမရ(နိုင်)၀၀၃၃၀၈**
**အမှတ်၂၁ ၊ မြေညီ၊ အောင်တော်မူလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။**
**၀၉-၇၉၂၈၀၄၃၅၊ ၀၉-၇၉၁၇၁၂၁၈၀**

## မိဘအမည်မှန်

ထားဝယ်မြို့၊အထက(၆)၊ Grade-7မှ မဖြူဇင်သူ၏ မိဘများဖြစ်သည့် ဦးဇော်လွင်-ဒေါ်စန်းကြူတို့၏ အမည်မှန်မှာ ဦးဇော်လင်း ၆/ပလန(နိုင်) ၀၀၀၀၀၂ ၊ ဒေါ်စန်းဖြူ ၆/ပလတ (နိုင်)၀၁၄၀၅၉ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း-ဒေါ်စန်းဖြူ**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက (ကျိုက်စကော) Grade-8 မှ မောင်ဝင်းဇော်ကိုနှင့် တပ်တွင်းခင်တန်းကျောင်း (မူလွန်) Grade-5 မှ မကေဇင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ကိုကြီး ၇/ ဒဥန(နိုင်)၀၈၆၂၁၃ ဖြစ်ပါကြောင်း။

**ဦးဇော်ကိုကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ (၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၁၉၀)၊ မြေဧရိယာ(၀ဒသမ၀၆၂) ကေရှိမြေအား ဦးအေးမြင့်ဦး၊ ဒေါ်လှလှဌေးမှ အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ် (၇၂၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးလှမိုး (၇/ဖမန (နိုင်) ၀၈၉၈၄၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးလှမိုး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးကျော်စိုးဦး** LL.B, အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်အမှတ် ဘီ၂၊ အခန်းအမှတ်(၅၀၁) ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမိုးမိုးကျော် (ခ)ဦးမင်းသူ (ဘ)ဦးကျော်ရွှေ ၁၂/သဃက(နိုင်)၀၃၁၃၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာခိုင် (ဘ) ဦးမောင်ကျော်စိန် ၁၁/စတန(နိုင်)၀၅၂၄၈၁က ပြန်လည်ဝယ်ယူရန်အတွက် ၄င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဇာနည် (LL.B, D.B.L) (စဉ်- ၁၄၆၆၈) ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် (LL.B)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၉(က) ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ် (၈၃/၂၁၅)၊ မြေဧရိယာ(၀ဒသမ၀၃၄)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၆၉၇/၁၉၉၇-၁၉၉၈ အရ ဦးသန်းထွန်း၊ ဒေါ်စိုးဝင်း အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့အနက် ဦးသန်းထွန်း ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်စိုးဝင်း၏အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးစိုးသန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၀/၂၀၂၅)ဖြင့် ဦးမင်းစိုးပိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန် အား(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးမင်းစိုးပိုင် ၆/မမန(နိုင်)၁၇၀၅၉၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ရောင်းချရန်ကြော်ငြာစာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆**

**ကော့သောင်းခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ ဇာရီမှုအမှတ်-၄**

ဒေါ်ဝင်းဖူးပွင့်ပွင့်မိုး **နှင့်** ၁။ ဦးသက်မောင်ဦး ၂။ ဒေါ်အိအိမာ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ကော့သောင်းခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၆/၂၀၂၅ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ဦးပိုင်အကွက် အမှတ် (၄၃)၊ မြေကွက်အမှတ်(၁၄၁)၊ ဧရိယာ (၀.၀၄၀)ဧက၊ မြို့မြေအမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော၊ အင်္ဂတေခင်း၊ အင်္ဂတေကာ၊ ခေါင်မိုး(စလစ်လောင်း)၊ နှစ်ထပ်ခွဲတိုက် အဆောက်အအုံ တစ်ဆောင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်-

| | | |
|---|---|---|
| အရှေ့ဘက်လားသော် | - | ရေမြောင်း |
| အနောက်ဘက်လားသော် | - | မြေကွက်အမှတ်(၁၄၂) |
| တောင်ဘက်လားသော် | - | မြရည်ပုလဲလမ်း |
| မြောက်ဘက်လားသော် | - | ငုဝါလမ်း စသည့်နယ်လေးရပ်အတွင်း |

တည်ရှိသော နေအိမ်မြေကွက်ဖြစ်ပါသည်။

| | | |
|---|---|---|
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း (၅၀၀၀) |
| ရောင်းချမည့်နေ့ရက် | - | ၁၆-၇-၂၀၂၅ရက် |
| ရောင်းချမည့်အချိန် | - | နံနက်(၁၀)နာရီ |

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချ သည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ (၁၅) ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၇၁၅)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးလှညွန့်(ဘ) ဦးခင်လု ၃/ဘအန(နိုင်)၀၀၇၇၁၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဦးအေးမျိုးကျော် (ဘ) ဦးမောင်မောင်အေး ၁၂/မရက(နိုင်)၁၅၀၄၉၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၁၂၈၀ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်)၁၆၃၂၂၉၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၅၂၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်) ၁၆၃၂၂၉၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာ ရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

ကိုဇွဲနေလအေး+မရီရီသွင်တို့၏ (၁၈.၆.၂၀၂၅) ရက်တွင် ကျရောက်သည့် (၁)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှသည် ဘဝတစ်လျှောက်လုံး ချစ်ခင်ကြင်နာစွာဖြင့်

- ကျန်းမာခြင်းဆုလာဘ်နှင့် ပြည့်စုံကြပါစေ။
- စီးပွားရေးတိုးတက်အောင်မြင်ကြပါစေ။
- မိသားစုချမ်းသာသုခ ပြည့်စုံကြပါစေ။
- စိတ်ဓာတ်ကြံ့ခိုင်ပြီး အောင်မြင်မှုများ ရရှိကြပါစေ။
- ပျော်ရွှင်ဖွယ်ရာ အိပ်မက်များ အကောင်အထည်ပေါ်ပြီး ယနေ့ကျရောက်သည့် မင်္ဂလာနှစ်ပတ်လည်မှသည် ရတုအဆက်ဆက်တိုင်အောင် ရွှေလက်တွဲ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နှစ်ဖက်မိဘများနှင့် မောင်နှမများ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၁၂)ရပ်ကွက်၊ အကွက်အမှတ်(၅-ဃ)၊ ဈေးတန်း၊ ဦးပိုင်အမှတ်(၄၃-စ)၊ ဧရိယာ(၀.၀၂၃) ဧကရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်-(၅)လမ်း၊ (ခ) အနောက်လားသော်-ဦးပိုင်(၄၃-ဆ)၊ (ဂ) တောင်လားသော်- ဦးပိုင်(၄၃-င)၊ (ဃ) မြောက်လားသော်-ဦးပိုင်(၄၃-ဆ)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မာမာအေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၅)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ပန်းဘဲတန်း၊ ဦးပိုင်အမှတ်(၁၃၄-က)၊ ဧရိယာ(၀ဒသမ၁၂၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်-ဦးပိုင်(၁၃၃-ဃ)၊ (ခ) အနောက်လားသော်-ဦးပိုင်(၁၃၄-ခ)၊ (ဂ) တောင်လားသော်- ဦးပိုင်(၁၆၇)၊ (ဃ) မြောက်လားသော်- ဦးပန်းဖြူလမ်း

